ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၇) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၃.၂၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာငွေဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ငွေ၊ မန္တလေး(၁၀)၊ ကျန်းမာရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှသိန်း၊ မကွေး(၃) ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့် ၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု ၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ မိသားစု၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ငါးအစာတောင့် အကြွေးမကျေ၍ ယခင်တရားမကြောင်း နှင့် စွဲဆိုထားခဲ့ရာမှ ယခု အရေးယူထားသော အပက(၃) ပုဒ်မအား အခြားပုဒ်မတစ်ခုအဖြစ်သို့ သက်ညှာစွာ ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် အတွင်းရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအား ငါးအစာတောင့် အကြွေးမကျေ၍ ယခင်တရားမကြောင်းနှင့် စွဲဆိုထားခဲ့ရာမှ ယခု အရေးယူထားသော အပက(၃) ပုဒ်မအား အခြားပုဒ်မတစ်ခုအဖြစ်သို့ သက်ညှာစွာပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်တော်တို့ ရှေ့နေချုပ်၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနှင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် ဒေါက်တာခင်ရွှေ အမျိုးသားလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မှ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ကျွန်တော့် မဲဆန္ဒနယ်(၉)မှာရှိတဲ့ တွံတေးမြို့နယ်အတွင်းမှာရှိတဲ့ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအား ငါးအစာတောင့် အကြွေးမကျေ၍ ယခင်တရားမ ကြောင်းနှင့် စွဲဆိုထားခဲ့ရာမှ ယခု အရေးယူထားတဲ့ အပက(၃)ပုဒ်မအား အခြားပုဒ်မတစ်ခုသို့ သက်ညှာစွာ ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်း နှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း ၊ ဒလက ရန်ကုန်မြို့နဲ့ အနီးဆုံးဖြစ်ရဲ့သားနဲ့ ကျွန်တော်တို့ ရန်ကုန်မြို့နဲ့ ဆင်းရဲချမ်းသာမှု အရမ်းကွာပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင် ၂၀၁၀ မရောက်ခင်တုန်းက သူတို့ရဲ့ လိုအပ်ချက်တွေ သူတို့ရဲ့ နစ်နာချက်တွေကို နောက် သူတို့အတွက် ပြောပေးမယ့် ကိုယ်စားလှယ် မရှိခဲ့ပါဘူး။ အခု ကျွန်တော်တို့ ၂၀၁၀ နောက်ပိုင်းကျတော့မှ ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်တွေ ပေါ်လာတဲ့အခါမှာ သူတို့အတွက်လိုအပ်တဲ့ လိုအပ်ချက်လေးတွေ၊ တင်ပြချက်လေးတွေကို ကျွန်တော်တို့ လွှတ်တော် သုံးရပ်ကနေပြီးတော့ အကောင်အထည်ဖော်တဲ့ အတွက်ကြောင့် ဒီနေ့ဆိုရင် ယခင်နဲ့မတူဘဲနဲ့ အလွန်တိုးတက်ပြောင်းလဲလျက်ရှိပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ တွံတေးမှာဆိုလို့ရှိရင် ယခင်တုန်းကဆိုရင် မြောင်းတွေကောပါတယ်။ မိုးတွင်းဆိုရင် ရေကြီးပါတယ်။ နွေဆိုရင် စပါးစိုက်လို့မရပါဘူး။ အဲဒီအတွက်ကို ကျွန်တော်ကနေပြီးတော့ ဆည်မြောင်းဦးစီးဌာနက ယန္တရားတချို့၊ ကျွန်တော့် ယန္တရားတချို့ ကျွန်တော်ဆီစိုက်ပြီးတော့ အခုဆိုရင် ကျွန်တော် မြောင်းပေါင်း (၁၀၀)ကျော် တူးပေးလိုက်တယ်၊ မိုင်ပေါင်း (၂၀၀)ကျော် တူးပေးလိုက်တဲ့အတွက် ဒီနေ့ရေကြီးရေလျှံတွေ မရှိတော့ဘူး။ ပြီးတော့ တစ်ခါ နွေ၊ မိုး၊ ဆောင်းသီးနှံ နှစ်သီးကနေ သုံးသီးအထိ စိုက်ပျိုးနိုင်တဲ့အဆင့် ဖြစ်သွားပါတယ်။ ထိုနည်းလည်းကောင်းပဲ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း (၃) မြို့နယ်မှာ ရွာချင်းဆက်လမ်းတွေ ပေါ်လာပါတယ်။ နောက်တစ်ခါ မီးတွေဆိုလို့ရှိရင်လည်း ရလာပါတယ်။ နိုင်ငံတော်က တပ်ဆင်ပေးနိုင်တာ တပ်ဆင်တယ်။ နောက်တစ်ခါ

သိန်း(၁၀၀၀) ကျွန်တော်တို့ရဲ့ လွှတ်တော်ရန်ပုံငွေထဲကနေပြီးတော့ သုံးနိုင်တာတွေလည်း သုံးပါတယ်။ မသုံးနိုင်တဲ့ကိစ္စတွေကိုလည်း ကျွန်တော် ရံဖန်ရံခါသွားပြီးတော့ သူတို့ လိုအပ်ချက်တွေ ဖြည့်ပေးတဲ့ အတွက်ကြောင့် ဒီနေ့ဆိုရင် အရင်နဲ့မတူဘဲနဲ့ အလွန်တိုးတက်ပြောင်းလဲပြီ ဖြစ်ပါတယ်။ အဲဒီထဲမှာမှ ဒီနေ့မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တင်ပြပါ့မယ်။ တင်ပြရမယ်ဆိုလို့ရှိရင်တော့ အစိုးရအဖွဲ့ မွေး/ရေဝန်ကြီးဌာနကနေ ပြီးတော့ ဒါ အပက (၃)နဲ့ တရားစွဲမယ်ဆိုပြီးတော့ သတင်းစာထဲမှာ ၃၁ ရက် မေလ ၂၀၁၅ ကနေ ကြော်ငြာလိုက်တဲ့ အပေါ်မှာမူတည်ပြီးတော့ ငါးမွေးမြူရေးသမားတွေ တော်တော်လေး တုန်လှုပ်ချောက်ချားသွားပါတယ်။

နောက် ကျွန်တော့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း (၃)မြို့နယ်မှာဆိုရင် အဓိက စပါး စိုက်တယ်။ စပါးပြီးရင် နောက်တစ်ခါ ဒုတိယအများဆုံးက ငါးမွေးမြူကြပါတယ်။ အခု အစိုးရအဖွဲ့ မှာလည်း အကြွေးတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ အထူးသဖြင့် ငါးလုပ်ငန်းဝန်ကြီးဌာန၊ မွေးရေဝန်ကြီးဌာနမှာဆိုရင် အကြွေးပေါင်း သိန်းပေါင်း (၃)သောင်းကျော် သူတို့ရစရာရှိတာလည်း သူတို့ဖော်ပြထားတာ တွေ့ပါတယ်။ ထိုနည်းလည်းကောင်းပဲ တခြားဝန်ကြီး ဌာနတွေလည်း အကြွေးတွေ အများကြီးရှိတယ်။ အထူးသဖြင့် ကျောက်မျက်ဝန်ကြီးဌာနဆိုရင် ရွှေပိဿာပေါင်း (၈၅၀)ကျော် ရစရာရှိတယ်လို့ ပုဂ္ဂလိကနေ ပေါ်လာတယ်။ ဒါပေမဲ့ အဲဒီအထဲမှာမှ မွေးရေဝန်ကြီးဌာနကနေပြီးတော့ Negotiate လုပ်ပါတယ် ပထမပိုင်း၊ ဒါဝန်ကြီး သဘောလည်း ကောင်းပါတယ်။ သူများကို ဒုက္ခပေးချင်စိတ်လည်း မရှိပါဘူး။ Negotiate လုပ်ရာကနေပြီးတော့ တချို့လည်း သွင်းတယ် တချို့လည်း မသွင်းဘူး။ အဲဒါကြောင့် သူ့အနေနဲ့ သတင်းစာထဲ ကနေပြီးတော့ မလွှဲသာ မရှောင်သာနဲ့ အပက(၃)နဲ့ တရားစွဲမယ်ဆိုပြီးတော့ သတင်းစာထဲက ကြော်ငြာလိုက်ပါတယ်။ ကျွန်တော့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမှာ ငါးကန် အမြောက်အမြား ရှိပါတယ်။ တွံတေးရဲ့ ဟိုဘက်ခြမ်းမှာ အဲဒီမှာ သတင်းစာထဲက ကြော်ငြာလိုက်တယ်။ အဲဒီတော့ သတင်းစာထဲမှာ ကြော်ငြာချက်အရ အလွန်ပြင်းထန်နေပါတယ်။

ဘာကြောင့်လဲဆိုတဲ့ အခါကျတော့ ဒီငါးမွေးမြူရေးအဖွဲ့တွေ ဒီအကြွေးကို မဆပ်ရင် အားလုံး (၄၂)ဦး ရှိပါတယ်။ မဆပ်ရင် အပက (၃)နဲ့ တရားစွဲမယ်ဆိုပြီးတော့ ကြေညာလိုက်တယ်။ အပက ၃ ရဲ့ အဓိပ္ပာယ်ကတော့ မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတခုခုနှင့် စပ်လျဉ်းပြီး ခိုးမှု ၊ အလွဲသုံးစားမှု၊ ဒါမှမဟုတ် လိမ်လည်မှု ကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀) နှစ်အောက် မနည်းတဲ့ ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်း ခံရမည့်အပြင် ငွေဒဏ်လည်း ခံနိုင်ရမည် ဆိုပြီးတော့ အဲဒီလို ပါထားတာရှိပါတယ်။ အဲဒီတော့ သူ့ရဲ့ သတင်းစာထဲမှာ ပါတဲ့ အဓိကအချက် ကလည်း အပက (၃) နဲ့ ပတ်သက်ပြီးတော့ ကျူးလွန်ခဲ့တယ်။ ဒါကြောင့် ထောင်ဒဏ် (၁၀)နှစ်ကနေ တစ်သက်တစ်ကျွန်း ကျခံရမယ်ဆိုပြီးတော့ အတိအလင်းဖော်ပြပြီးတော့ ဇယားနဲ့တကွ သူဖော်ပြ ထားတာရှိတယ်။ အဲဒီတော့ ဒီအစာတောင့်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ရန်ကုန်မှာ အစာတောင့် စက်ရုံ (၃)ရုံ ရှိပါတယ်။ (၃) ရုံကနေပြီးတော့ မွေးမြူရေး သမားတွေကို သူကနေ ရောင်းတယ်၊ ရောင်းတဲ့အချိန်မှာ ကျွန်တော်တို့ စာချုပ်နဲ့ ရောင်းတယ်။ အဲဒီတော့ စာချုပ်မှာ ဘာပါလဲဆိုတဲ့ အခါကျတော့ သူတို့ရဲ့ ငါးကန်ကို တစ် ဧကကို သိန်း(၂၀)ကနေ (၂၅) အထိ တချို့လည်း (၁၅)သိန်းနဲ့ တန်ဖိုးထားပြီးတော့ အဲဒီ Amount ထက်မကျော်တဲ့ ငါးစာကို ရောင်းပေးတယ်။ အဲဒီတော့ စာချုပ် ထဲမှာ အတိအလင်းဖော်ပြထားတယ်။ တကယ်လို့ ဒီမှာ စာချုပ်ပျက်လို့ရှိရင်၊ ငွေမပေးနိုင်ရင်

ကျွန်တော်တို့ နှစ်ဦးသဘောတူညှိနှိုင်းတယ်။ နံပါတ်(၁) ဒီနေ့ ညှိနှိုင်းတာ ကျွန်တော် သိပ်မတွေ့ရဘူး။ နောက်နံပါတ် (၂)က တရားမကြီးနဲ့ တရားစွဲမယ် ပြီးတော့မှ ပစ္စည်းကိုလေလံတင်မယ်ဆိုတာ အဲဒီမှာ အပိုဒ်လိုက်ကို သေချာပါထားတယ်။ အဲဒီ အထဲမှာ အခုတွေ့ရတဲ့အတိုင်းပဲ တန်ဖိုးတွေ သတ်မှတ်တယ် သူ့ရှိတဲ့ ဇကေအပေါ်မှာ မူတည်ပြီးတော့မှ ငါးစာတောင့်ကို ရောင်းပေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ ငါးစာတောင့်ရောင်းတဲ့ နေရာမှာလည်း ခုနလိုစာချုပ်မှာအပိုဒ်လိုက် အပိုဒ်လိုက်ကိုလည်း အတိအလင်း တရားမနဲ့ တရားစွဲပြီးတော့မှ သူတို့ရဲ့ပစ္စည်းကို လေလံတင်မယ်ဆိုတာလည်း အတိအကျ ဖော်ပြထား ပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ နစ်နာမှုရှိလို့ရှိရင်လည်း နှစ်ဦးနှစ်ဖက် ညှိနှိုင်းမယ်။ ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ အာမခံကြေးကို ထုခွဲရောင်းချပြီး နစ်နာကြေး ရယူမယ်ဆိုတာလည်း စာချုပ်မှာ ပါပြီးသား ဖြစ်ပါတယ်။ အဲဒီမှာ နှစ်ဦးနှစ်ဖက် လက်မှတ်ထိုးကြပါတယ်။ နောက် ရှင်းပုံရှင်းနည်းတွေကအစ အကုန် ရှင်းထားပါတယ်။

အဲဒီတော့ အဲဒီလို စာချုပ်တွေ ချုပ်ပြီးတဲ့နောက်ပိုင်းမှာ ငါးလုပ်ငန်းက ပြုတ်ကျသွားတယ်။ ဘာကြောင့်လဲဆို မူလတုန်းက ၂၀၁၁ တုန်းက စာချုပ် ချုပ်စဥ်တုန်းက (၁)ဒေါ်လာကို (၁၂၀၀) (၁၃၀၀) ရှိရာကနေ ပြီးတော့ (၁)ဒေါ်လာကို (၈၀၀)နှုန်းနဲ့ ကျွန်တော်တို့ ငွေလဲနှုန်းသတ်မှတ်တဲ့ အချိန်မှာ ဖြစ်သွားတဲ့နောက် (၄၀)ရာခိုင်နှုန်း ပျောက်သွားတယ်။ အဲဒီ ငါးတွေကို ပြည်ပ မပို့နိုင်ဘဲ ပြည်တွင်းမှာ ရောင်းတဲ့အခါကျတော့ ပြည်တွင်းမှာ အရင်တုန်းက တစ်ပိသာကို (၂၀၀၀)ရောင်းနေတာ ကနေပြီးတော့ (၁၃၀၀)ကနေ (၁၄၀၀)ဈေးလောက်ထိ ပြုတ်ကျသွားတယ်။ ငါးတွေက ပိုလာခဲ့တယ် Market သဘောအရ အဲဒီမှာ ငါးသမားတွေ ရှုံးတယ်။ ရှုံးတဲ့အတွက်ကို လုံး၀ သူတို့ ဒီအစာဖိုးကို ပြန်မပေးနိုင်ဘူး။ တချို့ဆိုလို့ရှိရင်လည်း သူ့အနေနဲ့ငါးစက်ရုံတွေ ထောင်တယ်။ ပြီးတော့မှ ငါးစာကို သူယူတယ်။ ယူပြီးတော့မှ တစ်ဦးချင်း ဇကေ (၁၀၀)မွေးတဲ့လူ၊ (၂၀၀)မွေးတဲ့လူ ငါးစာဖြန့်တယ်။ ပြီးတော့ ငါးပြန်သိမ်းတယ်။ ပြန်သိမ်းတဲ့အချိန်မှာ ငါးမပေးနိုင်တာတွေ ရှိတယ်။ ရှိတယ်ဆိုတာ ကလည်း နာဂစ်ဖြစ်တာတို့ နောက် ခုနတုန်းက ၂၀၁၁ မှာ ရေလျှံသွားတယ်။ လျှံတဲ့အတွက် ငါးတွေ လွတ်သွားတာတို့၊ နေအရမ်းပူလို့ ငါးတွေ သေတာတို့နဲ့ ဒီငါးမွေးမြူရေး လုပ်ငန်းကြီးက ပျက်စီး သွားတယ်။ အဲဒီတော့ ပျက်စီးသွားတဲ့အပေါ်မှာ မူတည်ပြီးတော့ အဲဒီမှာ အကြွေးမဆပ်နိုင်တဲ့ အပေါ်မှာ ကျွန်တော်တို့ မွေးမြူရေး၀န်ကြီးဌာနကနေပြီးတော့ ဒါ Negotiate တောင်းတယ်။ မရတဲ့အတွက်ကို အပက (၃)နဲ့ တရားစွဲခြင်း ဖြစ်ပါတယ်။ အဲဒီဟာနဲ့ ပတ်သက်လို့လည်း ငါးမွေးမြူ ရေးလုပ်ငန်း အဖွဲ့ချုပ်ကနေပြီးတော့ သမ္မတဆီ စာရေးတယ်။ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌဆီ စာရေးတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဆီ စာရေးတယ်။ နောက် ဆိုင်ရာ ဆိုင်ရာ အကုန်လုံး စာရေးပါတယ်။ သူတို့ကိုယ်တိုင်လည်း အသနားခံပါတယ်။ ငါးလုပ်ငန်းကြီး ဘာကြောင့် ပျက်သွားလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပြီးတော့ အသနားခံတယ်။ အသနားခံပေမယ့် မရပါဘူး။

ဒါပေမဲ့ တခြားနိုင်ငံမှာ အခုဆိုရင် ကျွန်တော် တစ်နေ့ကပဲ BBC ကနေ ကြားလိုက်တယ်။ တရုတ်ပြည်မှာ Stock (၆)ရာခိုင်နှုန်းကျသွားတယ်။ ကျသွားတဲ့အတွက်ကြောင့် အစိုးရက ဒီ Stock Exchange ဘယ်လိုပြန်ထောင်ရမလဲဆိုတာ ကြိုးစားနေတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလို စီးပွားရေး တစ်ခုချင်း ပြုတ်ကျသွားရင် အစိုးရက စဥ်းစားရမယ် ဘယ်လိုထူထောင်ပေးရမလဲ။ အခု ငါးလုပ်ငန်းကြီး ပြုတ်ကျသွားတယ်။ အကြွေးကို အတင်းတောင်းမယ့်အစား သူ့ကို Injection ဘယ်လို ထိုးရမလဲ။ ငွေပေးပြီးတော့ မင်းတို့ ပြန်မွေးပါဆိုပြီး လုပ်ဖို့။ အဲဒီလို မလုပ်နိုင်တဲ့အတွက်ကြောင့် ဒီနေ့

ငါးဈေးက (၁၅၀၀)ကနေ (၃၀၀၀)ဈေးတက်သွားတယ်။ သူတို့ တစ်နှစ်ကို (၅)သိန်းလောက် တန်ချိန် (၅)သိန်းလောက် သူတို့ထုတ်ရာကနေ အခု မထုတ်နိုင်တော့ဘူး။ နိုင်ငံခြားကို Export (၁)သိန်းလောက် သူ ပို့နိုင်တယ်။ (၄)သိန်း ပြည်တွင်းမှာ ရောင်းတယ်။ မထုတ်နိုင်တဲ့အခါကျတော့ အခု ငါးဈေး (၂)ဆ တက်တယ်။ လူဦးရေ (၅)သိန်းလောက်က ဒီငါးကို ဝယ်စားနေရတဲ့အတွက်ကြောင့် တစ်ပိဿာကို (၁၅၀၀) တက်သွားတဲ့အတွက် ကြောင့် (၅)သိန်းနဲ့ ပြန်မြှောက်ရင် နေ့စဉ် ကျွန်တော်တို့ ပြည်သူတွေ ဘယ်လောက်ထိ ဆုံးရှုံးနစ်နာနေလဲဆိုရင် တွက်လို့ရတယ်။ အဲဒီတော့ သူတို့ မွေးနိုင်အောင် Injection ပြန်ထပ်ထိုးဖို့ လိုပါတယ်။

အခုဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းကြီးလည်း ပျက်နေပါတယ်။ ကျန်တဲ့ စီးပွားရေး လုပ်ငန်းလည်း ပျက်နေတဲ့အခါကျတော့ နိုင်ငံတော်က ဘယ်လို Injection ထိုးမလဲဆိုတာ စဉ်းစားပေးဖို့ပဲ လိုပါတယ်။ နိုင်ငံတော်သမ္မတဆီကိုလည်း ဒီအခက်အခဲတွေ အကုန်လုံးကို တောက်လျှောက်ကို စာရေးနေတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်လည်း ရေးတယ်၊ ပြည်သူ့လွှတ်တော်လည်း ရေးတယ်။ ပြည်ထောင်စုလွှတ်တော် နာယကဆီ ရေးလို့ နာယကကြီးကိုယ်၌ကိုယ်က သမ္မတကြီးဆီကို အပက (၃) နဲ့ မစွဲသင့်ကြောင်း ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ သဝဏ်လွှာတောင် ပို့လိုက်ပါတယ်။ မစွဲသင့်ကြောင်း ဆိုတဲ့ သဝဏ်လွှာ တောင် ပို့ပြီးဖြစ်ပါတယ်။ ဒါတွေ အားလုံးက သူတို့ရဲ့ အခက်အခဲတွေ တင်ပြတာ အများကြီးပါ။ ကျွန်တော် အချိန် မလောက်မှာစိုးလို့ ဒါတွေ အသေးစိတ် တင်ပြနိုင်ခြင်း မရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဥက္ကဋ္ဌ ပြည်သူ့ငွေစာရင်း ပြည်ထောင်စုလွှတ်တော်ဆီလည်း အသနားခံစာရေးပါတယ်။ ဒါ ဒီအကြွေးတွေနဲ့ ပတ်သက်လို့ သူတို့ဆပ်ပါမယ်။ တောက်လျှောက်လည်း ဆပ်နေပါတယ်။ အဲဒီအတွက်ကို အသနားခံစာ ရေးတယ်။ သူ့ရဲ့ စီးပွားရေး အနေအထားနဲ့ ပတ်သက်ပြီးတော့၊ အဲဒီမှာ ရန်ကုန်တိုင်းတရားရေးရုံးကလည်း စာရေးပါတယ်။ မင်းတို့ဒီအကြွေးကိုလာဆပ်ပါ။ မဆပ်လို့ရှိရင် တရားမအရ တရားစွဲမယ်ဆိုပြီးတော့ အတိအလင်း တရားရုံးကနေ စာပြန်ထားတယ်။ အဲဒီနောက်ပိုင်းမှာမှ မွေးရေဝန်ကြီးဌာနကနေ သတင်းစာထဲကနေ ထည့်ပြီးတော့မှ အပက (၃)နဲ့ တရားစွဲမယ်ဆိုပြီး လုပ်လာတယ်။ အဲဒီတော့ Notice (၃၀)ရက်အတွင်းမှာ ကြွေးမြီကို ဆပ်ပါ။ ရန်ကုန်တိုင်း တရားရုံးကနေပြီး ရေးလိုက်တဲ့စာ၊ အပြေအလည် မဆပ်လို့ရှိရင် တရားမနဲ့ စွဲမယ်ဆိုပြီးတော့ အတိအလင်း ဒါ တရားရုံးက ရေးတဲ့ စာပါ။

အဲဒီကြားထဲမှာလည်း ကျွန်တော့်ရဲ့ မဲဆန္ဒရှင်တွေက လစဉ် ပိုက်ဆံပေးနေတယ် အဲဒီ ဝန်ကြီးဌာနကို ဒါ နောက်ဆုံးပေးလိုက်တာ ၂၆-၄ လ ၊ ၂၆-၆ လပိုင်း ၂၀၁၅ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ပေးတယ်။ ပေးတာကိုလည်း ဌာနဆိုင်ရာကနေ သူက အမြဲတမ်း ငွေလက်ခံယူနေတယ်။ အဲဒီတော့ တရားမမှာ အဲဒီလို ငွေ ကျွန်တော် သိရသလောက် ပြောရလို့ရှိရင် အဲဒီလို ငွေယူနေရင် တရားမကြောင်းတောင် စွဲလို့မရတဲ့ အနေအထားမှာ ဒီနေ့ ရာဇဝတ်မှုနဲ့ တရားစွဲတဲ့ အနေအထားမျိုးတွေ ရှိတယ်။ ဒါ သူတို့ ငွေပေးတဲ့ ဖြတ်ပိုင်းတွေ၊ ဒါ ဌာနဆိုင်ရာက ယူထားတဲ့ ဖြတ်ပိုင်းတွေ၊ ဒါ ဌာနဆိုင်ရာကနေ ငွေယူတဲ့ ဖြတ်ပိုင်းတွေ နောက်ဆုံး ၆ လပိုင်းထိအောင် ယူတဲ့ ဖြတ်ပိုင်းတွေ ရှိပါတယ်။ ဒါ တောက်လျှောက်ကို ငွေပေးနေတဲ့ ဖြတ်ပိုင်းတွေ ရှိပါတယ်။ သူတို့ တတ်နိုင်သလောက် တစ်လုံးတည်း တစ်ခဲတည်း မဆပ်နိုင်တာတောင်မှ ရတဲ့ပိုက်ဆံလေးပေါ်မှာ ရှာကြံပြီးတော့ ဒီငါးလုပ်ငန်းကြီး အပျက်ခံပြီးတော့ ကိုယ်၌ကိုယ်က ငွေပေးနေတဲ့ အနေအထားမျိုးရှိပါတယ်။ အဲဒီမှာ ဇယားအရ လစဉ်ပေးတဲ့ဇယားပါ။ Upto နောက်ဆုံး (၆)လပိုင်းအထိ ပေးတဲ့ဇယား။ လတိုင်း၊ လတိုင်း၊

လတိုင်း၊ လတိုင်း ငွေသွင်းသွားတယ်။ အဲဒီငွေသွင်းတဲ့ပုဂ္ဂိုလ်ကို အပက(၃)နဲ့ တရားစွဲမယ် ဆိုလို့ရှိရင်တော့ တော်တော်လေးကို ကျွန်တော့်စိတ်ထင် ဥပဒေတွေရဲ့ အပြင်ကို ရောက်နေတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိအနေအထားတွေလည်း ခုနက ကျွန်တော် သုံးသပ်ပြီးသား ဖြစ်ပါတယ်။

ငါးလုပ်ငန်းရဲ့ လက်ရှိအနေအထားတွေကလည်း ကျွန်တော် ခုနက တင်ပြသလို သူတို့ဆုံးရှုံးမှုက အရမ်းများသွားတယ်။ ဒီ (၂)နှစ်၊ (၃)နှစ်မှာ။ နေပူတာရယ်၊ ရေလျှံတာရယ်၊ ပြီးတော့ အကြောင်း ကြောင်းကြောင့်တွေပေ့ါ။ ဒေါ်လာဈေးကျသွားတာရယ်၊ ငါးဈေးကျသွားတာရယ်၊ ဆုံးရှုံးမှုက ဘီလီယံပေါင်း တော်တော်များများ ဆုံးရှုံးသွားတဲ့ သဘောမျိုး သွားရှိပါတယ်။ ဒါ တွက်ပြထားတဲ့ ဒီဖိုင်းတွေ ဒါ တင်ပြချက်တွေ ဖတ်ပြီး အကြိမ်ပေါင်း များစွာ တင်ပြတာ။ ဒါ အသင်းကနေ အကြိမ်ပေါင်းများစွာ ပြန်ပြန်တင်တဲ့ ဥက္ကဋ္ဌတွေရော။ အခု ကျွန်တော်တို့ Export လုပ်တာဆိုရင် ကျလာတယ်။ ဟိုတုန်းကဆိုရင် Export သန်းပေါင်း (၁၀၀)ထက်ကို မွေးမြူရေးလုပ်သားတွေကနေပြီးတော့ Export လုပ်နိုင်ပေမယ့် အခု ကျလာတာ။ နောက်နှစ်ဆို မရှိသလောက်ကိုဖြစ်သွားမယ့် အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့် အခုလို လုပ်လိုက်တဲ့အတွက် နိုင်ငံတော်အတွက်လည်း အများကြီး နစ်နာတဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ ငွေစာရင်းက ထုတ်ထားတဲ့ စာရင်းပါပဲ။

အဲဒီတော့ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က စာချွန်တော်၊ တချို့ဆိုလို့ရင် ပြည်ထဲရေးဝန်ကြီးဌာနကနေပြီး အပက (၃)နဲ့ တရားစွဲဖို့ ရေးလိုက်တဲ့အတွက်ကြောင့် ဖမ်းဖို့ ready ပဲ။ ဖမ်းပြီးရင်လည်း အာမခံ မရဘူး။ အဲဒီတော့ အမှုဖြစ်သွားရင် အနည်းဆုံး ကြမ်းခင်းဈေး (၁၀)နှစ်ထိမယ် ဆိုတဲ့အတွက်ကြောင့် သူ့ကို မှီခိုနေတဲ့ ငါးလုပ်သားရှင် အများကြီး ရှိပါတယ်။ သိန်းနဲ့ ချီပြီး ရှိပါတယ်။ ငါးလုပ်ငန်းရှင်တောင်မှာ သောင်းနဲ့ချီ ရှိတဲ့အတွက်ကြောင့် သိန်းနဲ့ချီ ရှိပါတယ်။ အဲဒီလူတွေရဲ့ စားဝတ်နေရေး၊ သူတို့ရဲ့ မိသားစု၊ သူတို့ဘဝကို ပြန်ထူထောင်ဖို့ဆိုတာ အခက်အခဲတွေ အများကြီး ရှိနိုင်တဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါကြောင့် ရှေ့နေက ရှေ့နေငှားတယ်။ ငှားပြီးတော့မှ ၂၀၁၄ ခုနှစ်မှာ ထွက်တဲ့ စာချွန်လွှာ၊ လျှောက်လွှာ ဆိုပြီးတော့ တရားရုံးမှာ သွားလျှောက်တယ်။ တရားရုံးက ဘာပြောလိုက်လဲ ဆိုတော့ လျှောက်လွှာ လက်မခံနိုင်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ပထမ အဲဒီ ပြည်ထဲရေးကနေ ထွက်တဲ့ စာအရ အဲဒီလုပ်ငန်းရှင်ကို ဖမ်းပါ။ ပြီးတော့မှ ရဲစခန်းကနေ ထောက်ခံချက်က သူ့ကို ဖမ်းထားပြီးဆိုတဲ့ ထောက်ခံချက်ပါမှ စာချွန်တော်ကို လက်ခံပါမယ်လို့ ပြောတယ်။ အဲဒီတော့ နေရင်းထိုင်ရင်း စီးပွားရေးသမားက အဖမ်းခံရမယ့် အနေအထားမျိုး၊ အဖမ်းခံပြီးရင်လည်း အာမခံ မရဘူး။ ပြီးတော့ ကြမ်းခင်းဈေး (၁၀)သိန်းနဲ့ မိမယ့်ကိစ္စမျိုး ဖြစ်ပါတယ်။ (၁၀)နှစ်နဲ့ မိမယ့်အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒါလေးကို အားလုံး ကျွန်တော့်ရဲ့ မဲဆန္ဒရှင်ကိုယ်စား တင်ပြခြင်း ဖြစ်ပါတယ်။ နောက် စီရင်ထုံးတွေမှာလည်း ပြထားတာ ရှိပါတယ်။ ဥပမာ ဦးမောင်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အမှုမှာလည်း လျှောက်ထားသူ အချိန်ကျလို့သစ်ဖိုးကိုပေးရန် ပျက်ကွက်သော ကိစ္စ။ ရာဇဝတ်ကြောင်းနဲ့ လုံးဝသက်ဆိုင်ခြင်းမရှိဘူး။ တရားမကြောင်းနဲ့သာ တရားစွဲဆို တောင်းခံရမည် ဆိုပြီးတော့ အဲဒီ စာ အရောင်း/ အဝယ် စာချုပ်မှာလည်း ကျွန်တော်တို့ ပြထားတာ ရှိပါတယ်။

နောက်တစ်ခါ ဦးညိုကြီးနဲ့ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ ဒါ စီရင်ထုံးမှာ ပြထားတာ ရှိပါတယ်။ အမှုမှာလည်း ပဋိညာဉ်ပျက်ကွက်မှုကြောင့် တရားမကြောင်းအရသာ အရေးယူသင့်သောအမှုကို ပြစ်မှုကြောင်းအရ အရေးယူအပြစ်ပေးခြင်းမှာ မှားယွင်းသည်လို့ ပြထားတာ ရှိပါတယ်။

နောက်တစ်ခါ ဦးသက်လယ်၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်နဲ့ ဦးသိန်းဝင်း၊ ၁၉၈၃ ခုနှစ်၊ စာ ၁၄၁ အမှုမှာလည်း စာချုပ်စာတမ်းများတွင် စာချုပ်ပါ စည်းကမ်းချက်များကို တစ်ဦး တစ်ဦးက ဖောက်ဖျက်လျှင် နစ်နာသည့်အတွက် သက်သာခွင့်ကို တရားမကြောင်းအရသာ တရားစွဲဆိုရန်လိုကြောင်း ပြထားတာရှိပါတယ်။ ယခင်နိုင်ငံတော် တရားရုံးချုပ်ရဲ့ ၁-၁၂-၁၉၉၆ နေ့စွဲပါစာအမှတ်၊ (၁၂၁၁၆/၆၅) ပြစ်မှု ၁၂/၉၆ မှာလည်း တရားမကြီးကြောင်းအရ စွဲဆိုရမယ့် အမှုများကို ပြစ်မှုကြောင်းအဖြစ် အသွင်ပြောင်းပြီးတော့ ပြောင်းလဲခြင်း၊ စစ်ဆေးစီရင်ခြင်းသည် တရားစီရင်ရေး ယန္တရားကို အလွဲသုံးစား ပြုရာရောက်ကြောင်း ဖြစ်သည်လို့လည်း အထူးပြုရန် ညွှန်ကြားထားပါတယ်။

အဲဒီတော့ ကျွန်တော်နိဂုံးချုပ်အရ တင်ပြလို့ရှိရင်တော့ ဒီအမှုမှာ ငွေချေးတဲ့စာချုပ်ကိစ္စပါပဲ။ စာချုပ်နဲ့ အပေါင်ပေးပြီး ချေးတဲ့ကိစ္စ ဖြစ်နေတယ်။ အများပိုင်ပစ္စည်းကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း မဟုတ်ပါဘူး။ ဒါကြောင့် အပက (၃)နဲ့ တရားစွဲဆိုခြင်းဟာ အကြောင်းပေါ်ပေါက် ခြင်း မရှိပါဘူး။ ဒါကြောင့် ချေးငွေကိစ္စကို ငွေပြန်လိုချင်တယ် ဆိုလို့ရှိရင် တရားမကြီးကြောင်းအရသာ တရားစွဲဆို သင့်ကြောင်း ကျွန်တော် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ
အတွင်းရှိ ငါးမွေးမြူရေးကန်များ(လလ)




**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ၏ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအား ငါးအစာတောင့် အကြွေးမကြေ၍ ယခင်တရားမကြောင်းနှင့် စွဲဆိုထားခဲ့ရာမှ ယခုကဲ့သို့ အရေးယူထားသော အပက (၃) ပုဒ်မအား အခြားပုဒ်မတစ်ခုအဖြစ်သို့ သက်ညှာစွာ ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမေးတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ များစွာ ကျေးဇူးတင်ရှိပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ရဲ့ မေးခွန်းပါ ကိစ္စမှာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသို့ ငါးအစာဖိုး ကြိုတင်ထုတ်ပေးရန် ငွေများ ပြန်လည်ပေးသွင်းရန် ပျက်ကွက်သော လုပ်ငန်းရှင်များကို တရားစွဲဆိုထားသည့် အမှုများနှင့် သက်ဆိုင်သော ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပေးပို့သည့် စာရင်းများအရ သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် ယင်းအကြောင်းအရာနှင့် အလားတူကိစ္စမျိုးဖြင့် အမှုဖွင့်တရားစွဲဆိုထားသည့် အမှု(၆၃)မှုရှိကြောင်း တွေ့ရပါတယ်။ ယင်းတို့အနက် သက်ဆိုင်ရာတရားရုံးသို့ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေဖြင့် တရားစွဲတင်ပြီးသော အမှု(၂)မှု ပေးထားသည့် အကြွေးငွေများကို အပြေအလည်ပေးဆပ်သဖြင့် ပြန်လည်ရုပ်သိမ်းပေးခဲ့သည့် အမှု(၂)မှု၊ အမှုပိတ်သိမ်းရန် ဆောင်ရွက်ဆဲအမှု (၆)မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တရားစွဲဆိုခွင့် ရရှိပြီး အမှု(၈)မှုနှင့် ကျန်အမှုများမှ သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများတွင် စိစစ်ဆဲဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကြွေးကျန်ငွေများဟာ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း လက်ထက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်ခန့်မှ စတင်ဖြစ်ပေါ်ခဲ့သော ကြွေးမြီများဖြစ်ကြောင်း၊ ကြွေးကျန် လုပ်ငန်းရှင်များအနက် ကြွေးမြီပမာဏ များစွာပေးရန် ရှိသူများမှာ ငါးမွေးသူများမဟုတ်ဘဲ အစာလုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အကြွေးကျန်ရှိသော လုပ်ငန်းများကို အကြိမ်ကြိမ်ခေါ်ယူတွေ့ဆုံ၍ ဆွေးနွေးရန် အခက်အခဲများ ရှိကြောင်း၊ ကူညီဖြေရှင်းပေးခြင်း၊ အကြွေးရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ Reminder ၊ Notice စာများ ထုတ်၍ သတိပေးခြင်းတို့ ပြုလုပ်ခဲ့သော်လည်း အချို့မှာ ပြန်လည်ပေးဆပ်မှုမရှိကြောင်း၊ အချို့မှာ ကြွေးကျန်ပမာဏနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် အနည်းငယ်သာ ပေးဆပ်ခဲ့ကြောင်း၊ ကြွေးကျန်ရှိသူများအပေါ် တရားမကြောင်းအရ ဆောင်ရွက်စဉ် ကြွေးမြီပေးဆပ်မှုမှာ ကြွေးကျန်ငွေ၏ (၀.၅)ရာခိုင်နှုန်းသာ ရရှိသဖြင့် ဝန်ကြီးဌာနအနေဖြင့် ကြွေးမြီပမာဏ ထုတ်ယူခဲ့သူများအား ယင်းကြွေးမြီအတွက် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အာမခံအဖြစ်တင်သွင်းခဲ့ခြင်းမရှိသဖြင့် တရားမကြောင်းအရ ဆောင်ရွက်ရာ၌ အခက်အခဲများရှိခဲ့ပါကြောင်း၊ ရာဇဝတ်ကြောင်းဖြင့် ဆောင်ရွက်ရာတွင် ကြွေးကျန်ငွေ၏ (၈.၉)ရာခိုင်နှုန်းခန့်အထိ ပေးဆပ်လာကြောင်း၊ ကြွေးမြီများမှာ နှစ်ကာလကြာမြင့်နေပြီဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာနစ်နာစေကြောင်း သို့ဖြစ်ပါ၍

နိုင်ငံတော်ပိုင် ငွေကြေးများ ဆုံးရှုံးမှု မရှိစေရန်နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးတည်၍ ယင်းတို့အား တရားစွဲဆိုခဲ့ ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လက်ရှိအခြေအနေများမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ မေးခွန်းပါ အမှုနှင့် အလားတူအမှုကိစ္စမျိုး (၆၃)မှ ရှိသည့်အနက် (၂)မှုကိုသာ တရားရုံးတွင် တရားစွဲဆိုထားပြီးဖြစ်ရာ ယင်းအမှုများသည် တရားရုံး စီရင်ပိုင်ခွင့်အာဏာအတွင်း ရောက်ရှိပြီး ဖြစ်ပါတယ်။ ထို့ကြောင့် တရားရုံးရဲ့ အဆုံးအဖြတ်ကို ခံယူရန်သာ ရှိတယ်လို့သာ တင်ပြလိုပါတယ်။ သက်ဆိုင်ရာ တရားရုံး အနေဖြင့် အမှုတွင် ပေါ်ပေါက်ချက်များကို သုံးသပ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ အရ တရားခံများအား စွဲချက် မတင်မီလွှတ်ခြင်း၊ ပုဒ်မ ၂၅၄ အရ ငြိစွန်းမှုရှိသည့် ဥပဒေတစ်ရပ်ရပ်ဖြင့် စွဲဆိုဖြေရှင်းချက်တို့ကို ပြုလုပ်နိုင်သကဲ့သို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ စီရင်ချက်မချမှတ်မီ မည်သည့်အချိန်တွင်မဆို မူလစွဲချက်တင်ထားသည့် ဥပဒေမှ အခြားဥပဒေသို့ ပြောင်းလဲ၍ စွဲချက်တင်ခွင့် ရှိပါတယ်။ စွဲချက်တင်ပြီးနောက် တရားခံ၌ အပြစ်မရှိကြောင်း တွေ့ရှိရပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁)အရ အမှုမှ အပြီးအပြတ်လွှတ်ခြင်း၊ တရားခံ၌ အပြစ်ရှိကြောင်း တွေ့ရှိပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၂)အရ တရားခံအပေါ် ငြိစွန်းသည့်ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည့်အပြင် တရားရုံးတွင် စွဲဆိုထားပြီးနောက် ကြွေးမြီများ အပြေအကြေ ပေးဆပ်ပါက အမှုကို ရုပ်သိမ်းနိုင်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

ကျန်စုံစမ်းစိစစ်ဆဲအမှုများနှင့် စပ်လျဉ်း၍မူ အမှုတစ်ခုချင်း၏ အကြောင်းအချင်းအရာ၊ ကြွေးကျန်ရှိသည့်ငွေကြေးပမာဏနှင့် ကြွေးကျန်လုပ်ငန်းရှင်များ၏ ပြုမူဆောင်ရွက်ခြင်း စတဲ့ အချက်များအပေါ် မူတည်၍ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက ငြိစွန်းမှုရှိသည့်ဥပဒေနှင့်အညီသာ လိုအပ်သလို ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ကျွန်တော့်ကို ပြန်လှန်မေးခွန်းလေး မေးခွင့်ပြုပေးပါလို့။ ကျေးဇူးတင်ပါတယ်။ တစ်ကတော့ မွေး/ရေးဝန်ကြီး သဘောသိပ်ကောင်းပါတယ်။ သူများတွေလည်း ဒုက္ခပေးချင်စိတ် ရှိမှာမဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။ မဆိုင်တာတွေ မပြောပါနဲ့။ ဆိုင်တာပဲ ပြော။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ဒါပေမဲ့ သတင်းစာထဲမှာ လူနာမည်စာရင်းနဲ့ လုပ်ပြီးတော့မှ အပက(၃)နဲ့ တရားစွဲမယ်ဆိုကတည်းကိုက ဒါ အစိုးရအဖွဲ့က နေပြီးတော့ တရားရေးမဏ္ဍိုင်ကို Over Rule လုပ်လိုက်တဲ့သဘောပဲ။

**ဥက္ကဋ္ဌ။** ။ ဘာဖြစ်လို့လဲ။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ဘာကြောင့်လဲဆိုတော့ အပက(၃)နဲ့ စွဲစရာအကြောင်း မရှိဘူး။ ဘာပြုလို့လဲဆိုတော့ တစ်မှုချင်းမှာ တစ်ဦးရဲ့ အကြောင်းအရာ တစ်ခုနဲ့ တစ်ခုက မတူနိုင်ဘူး။

**ဥက္ကဋ္ဌ။** ။ မဟုတ်ဘူးလေ။ ဦးခင်ရွှေ စည်းကျော်ပြီးတော့ မပြောနဲ့လေ။ အစိုးရက Over Rule လုပ်တယ်ဆိုရင် Over Rule လုပ်တဲ့ သက်သေတင်ပြ။ စာတို့၊ ဘာတို့၊ ညာတို့ ------------------------

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ဒါဆိုရင် ကျွန်တော် ပြန်ရုပ်သိမ်းပါတယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ အဲဒီတော့ (၄၇)ဦးမှာ တချို့ကလည်း ငွေပေးနေပါတယ်။ ငွေပေးနေတဲ့အတွက်ကြောင့် တရားမကြောင်းနဲ့သာ တရားစွဲဆိုသင့်တဲ့ အမှုပဲ ဖြစ်ပါတယ်။ အဲဒီမှာမှ နာမည်စာရင်းကြီး ထွက်ပြီးတော့ အပက (၃)နဲ့ စွဲမယ်ဆိုကတည်းကိုက ဒါကြီးကတစ်မျိုးကြီး ဖြစ်နေတယ်။ အဲဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော့်မြို့နယ်က တချို့လယ်သမားတွေကလည်း သူတို့ကိုရော အပက (၃) နဲ့ စွဲမလားဆိုပြီးတော့ သံသယစိတ်တွေ၊ ကောလာဟလတွေ ထွက်နေတဲ့အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြရရင်တော့ တရားရုံးတင်ပြီးတော့မှ တရားရုံးကနေပြီးတော့ ဆုံးဖြတ်ရမှာ။ အပက (၃)နဲ့ စွဲရမလား။ ဒါမှမဟုတ် ဒီပြင် ဘယ်ပုဒ်မနဲ့ စွဲရမယ်။ ဒါမှမဟုတ် တရားမနဲ့စွဲရမလား ဆိုပြီးတော့ တရားရုံးကသာလျှင် ဆုံးဖြတ်နိုင်တဲ့ပုဒ်မတွေ ဖြစ်တဲ့အတွက်ကြောင့် တရားရုံးမတင်ခင် ဒါကြီး တင်လိုက်ကတည်းကိုက ဒါကြီးက ကျွန်တော့်စိတ်အထင် နည်းနည်းလေး လွန်သွားတယ်ထင်လို့ ကျွန်တော် ဒါ မေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခုနက တရားရုံးရဲ့ စီရင်ပိုင်ခွင့်အတွင်းကို ရောက်နေပြီလို့ ရှေ့နေချုပ် ဖြေသွားတဲ့အတွက်ကို ဒီဘက်က ရှေ့နေငှားရမ်းပြီးတော့ ခုနကလိုပေါ့။ ဒါ တရားမကြောင်းနဲ့ပဲ စွဲသင့်တယ်ဆိုတာ ရှေ့နေငှားရမ်းပြီးတော့ ဆောင်ရွက်ရမှာပေါ့။ ဟုတ်ပြီနော်။

**ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ(၅)နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ(၅)နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ ရှေ့နေချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ပလက်ဝ မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား အားလုံးနဲ့ သက်ဆိုင်တဲ့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ(၅)နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များအား

ပြင်ဆင်သတ်မှတ် ပြောင်းလဲပေးပါရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း အကြောင်းအရင်းကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်နေတဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးပါတီတစ်ခုခုမှာပါဝင်နေတဲ့ တိုင်းရင်းသားလူမျိုး နိုင်ငံသားတို့ရဲ့ သားသမီးတွေဟာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကို တက်ရောက်နိုင်တဲ့အခွင့်အရေး ဆုံးရှုံးနေခြင်းကြောင့် ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဟာ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ (၂၀)ရက်နေ့မှာ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည် ပေါ်ပေါက်လာပြီးတော့ ၁၉၉၀-၁၉၉၁ ပညာသင်နှစ် မှာ တက္ကသိုလ်အဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့တာ ဖြစ်ပါတယ်။

စတင်ဖွင့်လှစ်ချိန်ကစပြီး ၁၉၈၈ ခုနှစ်၊ လူထုအုံကြွမှုကြီး မပေါ်ပေါက်ခင်ကာလအထိမှာတော့ ဒီကျောင်းတော်ကြီးရဲ့ ရည်ရွယ်ချက်ဟာ နယ်စပ်ဒေသတွေအတွက် အစိုးရဝန်ထမ်းကို မွေးထုတ်ပေးရေး၊ ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ ကေဒါလောင်းများအဖြစ် မွေးထုတ်ပေးရေးကို ဦးတည်ဆောင်ရွက် ပေးခြင်း ဖြစ်ပါ တယ်။ ရှစ်လေးလုံး လူထုအုံကြွမှုကြီး ပေါ်ပေါက်လာပြီးနောက်ပိုင်းမှာတော့ တိုင်းပြည်ရဲ့ နိုင်ငံရေး အပြောင်းအလဲကြောင့် ဒီကျောင်းရဲ့ ရည်ရွယ်ချက်ဟာလည်း ပြောင်းလဲသွားခဲ့ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ လက်ရှိအနေအထားအရ ရည်ရွယ်ချက်တွေကတော့ အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲပြီးတော့ တိုင်းရင်းသားလူမျိုး အချင်းချင်း အပြန်အလှန်နားလည်နိုင်ဖို့၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပါဝင်ကူညီနိုင်ဖို့၊ ပါတီနိုင်ငံရေးကင်းစင်တဲ့ ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရေး စတဲ့အချက်တွေ ဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ ကျွန်တော် စာအားဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် ဤကျောင်းတော်ကြီး၏ ရည်ရွယ်ချက်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပညာရေး ဘီအီးဒီ(၅)နှစ် သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။

ယခုနှစ် ၂၀၁၅ ခုနှစ် ပညာသင်နှစ်မှာလည်းပဲ မကြာခင်မှာ သင်တန်း အပါတ်စဉ် (၄) အတွက် လျှောက်လွှာခေါ်ယူတော့မှာ ဖြစ်ပါတယ်။ ယခင်နှစ် ၂၀၁၄ ခုနှစ်၊ သင်တန်းလျှောက်လွှာ ခေါ်ယူရာမှာ လျှောက်ထားခွင့်နှင့် စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း ကန့်သတ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော် ဖတ်ပြတင်ပြပါ့မယ်။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသား မိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်ရမည်။ (ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အပေါ် သစ္စာရှိသူ ဖြစ်ရမည်။ (ဂ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လိုလားသူဖြစ်ရမည်။ (ဃ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (င)သိပ္ပံဘာသာအတွက် လျှောက်ထားသူ ဖြစ်လျှင် တက္ကသိုလ်ဝင်စာမေးပွဲစုစုပေါင်းရမှတ်(၃၈၀)နှင့်အထက် ဝိဇ္ဇာဘာသာအတွက် လျှောက်ထား သူဖြစ်လျှင် စုစုပေါင်း ရမှတ် (၃၂၀)နှင့်အထက် ရရှိရပါမည်။ (စ) အသက် (၁၆)နှစ်ပြည့်ပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့တွင် အသက် (၁၉)နှစ်ထက် မကြီးသူ ဖြစ်ရမည်။ (ဆ) လျှောက်ထား သူနှင့် ၎င်း၏ မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။ (ဇ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ (ဈ) ကိုယ်အင်္ဂါချွတ်ယွင်းမှု၊ စိတ်ချို့တဲ့မှု မရှိသူ ဖြစ်ရမည်။ (ည) ကျန်းမာရေးရောဂါဘယ

ကင်းရှင်းရမည်။ (ဋ) အိမ်ထောင်မရှိသူ အပျိုု လူပျို ဖြစ်ရမည်။ (ဌ) အမှုအကျင့်အားဖြင့် အမျိုးသား ဆန်သော အမျိုးသမီး၊ သို့မဟုတ် အမျိုးသမီးဆန်သော အမျိုးသားမဖြစ်စေရ။ (ဍ) အားကစားတစ်မျိုး မျိုး ထူးချွန်သူဖြစ်ပြီး ကိုယ်အလေးချိန် ပေါင် (၂၀၀)အထက် မကျော်လွန်သူ ဖြစ်ရမည်။ (ဎ) မိမိတိုင်း ဒေသကြီး/ပြည်နယ်တွင် ဆရာ/ဆရာမအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ရန် အတွက် အရည်အချင်း ပြည့်မီသူ ဖြစ်ရမည်။ (ဏ) လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါးစလုံးသည် ဒေသခံဇာတိသား ဖြစ်ရမည်။ (တ) ဆရာလိုအပ်သည့် သွားလာရေး ခက်ခဲသော ဝေးလံဒေသမှ ဖြစ်ရ မည်။ (ထ) ရပ်ရွာ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ ဖြစ်ရမည်။ (ဒ) သင်တန်း ပြီးဆုံးသည်အထိ တက်ရောက်သင်ယူပါမည်ဟု ကတိပြုသူဖြစ်ရမည်။ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်သင်ယူ နိုင်ခြင်း မရှိပါက လျော်ကြေးငွေ (၅)သိန်း နိုင်ငံတော်သို့ ပေးဆောင်ရမည်။ (ဓ) သင်တန်းပြီးဆုံးလျှင် နိုင်ငံတော်ကအပ်နှင်းသော တာဝန်နှင့် စေလွှတ်ရာဒေသသို့ ဦးလည်မသုန် သွားရောက် တာဝန် ထမ်းဆောင်ပါမည်ဟု ကတိပြုသူဖြစ်ရမည်။ အနည်းဆုံး(၅)နှစ် တာဝန်ထမ်း ဆောင်ရမည်ဖြစ်သည်။ သတ်မှတ်ကာလ ပြည့်မီအောင်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေ (၅)သိန်းကို နိုင်ငံတော်သို့ ပေးဆောင်ရ မည်လို့ သတ်မှတ်ထားပါတယ်။

ဒီသတ်မှတ်ချက်တွေကို ပြန်လည်သုံးသပ်ရမယ်ဆိုရင် အပိုဒ် (ဆ)မှာ လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်လို့ဖော်ပြထားပါတယ်။ လျှောက်ထားသူ သင်တန်းသား၊ သင်တန်းတတ်မယ့်သူအနေနဲ့ နိုင်ငံရေးကင်းရှင်းရမည်ဆိုတာ ဝန်ထမ်းလုပ်ဖို့ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြောစရာမရှိပါဘူး။

သို့သော်လည်း ၎င်းရဲ့ မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်လို့ ဖော်ပြတဲ့ အခါ ကျတော့ ဒီနေ့ မြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ အချိန်မှာ ဒီပါတီထဲမှာကတော့ ပါတီတစ်ခုခုမှာတော့ တိုင်းရင်းသားအားလုံးတွေဟာ ပါဝင်ကြမှာဖြစ်ပါတယ်။ ဒီလိုပါဝင်တဲ့ သူတွေရဲ့ သားသမီးတွေဟာ ဒီဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းကို တတ်ရောက်ခွင့် မရှိစေရဆိုတဲ့ သဘော သက်ရောက်နေပါတယ်။

ဒါကြောင့် ဒါကို ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် (ဍ)မှာကတော့ အားကစားတစ်မျိုးမျိုး ထူးချွန်သူဖြစ်ပြီး ကိုယ်အလေးချိန်ပေါင်(၂၀၀)အထက် မကျော်လွန်သူဖြစ်ရ မည်ဟု ကန့်သတ်ထားပြန်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တဲ့ဟာကတော့ အားကစားတစ်မျိုးမျိုး ထူးချွန်သူဖြစ်ရမည်လို့ ဖော်ပြထားပါတယ်။ ထူးချွန်တယ်ဆိုတာနဲ့ လေ့လာလိုက်စားတယ်ဆိုတဲ့ စကားလုံး အသုံးအနှုန်းမတူပါဘူး။ သူရဲ့ ရည်ရွယ်ချက်က ပညာရေး ဝန်ထမ်းကောင်းမွေးထုတ်ပေးဖို့ဖြစ်ပါတယ်။ ကာယဆရာအတွက်တော့မဟုတ်ပါဘူး။ ဒီနေရာမှာ ထူးချွန်တယ်ဆိုတာကို ဘယ်အတိုင်းအတာနဲ့ တိုင်းထွာမလဲ။ မြို့နယ်အဆင့် လက်ရွေးစင်မှာပါခြင်းလား၊ ပြည်နယ်အဆင့်မှာ ပါခြင်းလားဆိုတာ ပြောစရာဖြစ်လာပါတယ်။ ဒီအချက်ကို ထောက်ရှုပြီးမှရွေးချယ် စိစစ်ရာမှာလည်းပဲ မျက်နှာလိုက်မှု တွေရှိနိုင်ပါတယ်။ ဒါကြောင့် ဒီအချက်ကို ပြင်ဆင်သင့်/မသင့် စဉ်းစားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ အပိုဒ်(ဏ)မှာဆိုရင် လျှောက်ထားသူနဲ့ ၎င်းမိဘနှစ်ပါးလုံးသည် ဇာတိသား ဖြစ်ရမည်ဟု ဆိုပြန်ပါတယ်။ အဲဒီတော့ ၎င်းမိဘနှစ်ပါးစလုံးသည် ဇာတိသားဖြစ်ရမယ်ဆိုတာ ဇာတိသား

ဆိုတာ ကျေးရွာအဆင့်လား၊ မြို့နယ်အဆင့်လား၊ ပြည်နယ်အဆင့်လား၊ အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။ တကယ့်တကယ်ကျတော့ ဒါသည် ကျွန်တော်တို့ မိဘပြည်သူများ အားလုံးအတွက် ပြောစရာလို ဖြစ်နေပါတယ်။ မိဘနှစ်ပါးစလုံးဟာ ဇာတိသားဖြစ်ရမယ်ဆိုတဲ့ အချက်မှာလည်းပဲ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားအချင်းချင်း အိမ်ထောင်ဖက်ပြုတာတွေ ရှိပါတယ်။ ဥပမာအားဖြင့် တခြားမြို့နယ်က အိမ်ထောင်ဖက်ပြုတာလည်းရှိနိုင်တယ်။ ကိုယ့်မြို့နယ်အတွင်းမှာဖြစ်နိုင်ပါတယ်။ အဲဒီတော့ တခြား မြို့နယ်က အိမ်ထောင်ပြုတဲ့သူကိုကျတော့ တက္ကသိုလ်တတ်ရောက်နိုင်ဖို့အတွက် သူ့သားသမီးတွေကို ကန့်သတ်ထားတယ်ဆိုတဲ့ဟာ ပြန်လည်သုံးသပ်သင့်တယ်လို့ ကျွန်တော် ယုံကြည်လို့ တင်ပြခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ချုံ့ပြီးမှ မေးခွန်းတွေကို မေးရမယ်ဆိုရင် (က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသောအချက်ကို ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ) အားကစားတစ်မျိုးမျိုးကို ထူးချွန်သူဟူသော အချက်ကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ။ (ဂ) မိဘနှစ်ပါးစလုံးသည် ဇာတိသားဖြစ်ရမည်ဟူသောအချက်ကို ပြင်ဆင်ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ စတဲ့အချက်တွေကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဗိုလ်ချုပ်တင်အောင်ချစ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ ကြောင်း ဆုမွန်ကောင်းတောင်း လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ၏ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် B.Ed (၅)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ်ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးမြန်းချက်အား နယ်စပ်ရေးရာ ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် မှ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ လျှောက်ထားသူနဲ့ ၎င်း၏မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေးကင်းရှင်းရ မည်ဆိုသည့် သတ်မှတ်ချက်ကို ဖြေလျှော့ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းချက်နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းဒေသကြီး/ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ များ၏ ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ထမ်းများ မွေးထုတ်

ပေးနေသော တက္ကသိုလ်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးကို ရှေးရှု၍ မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဆိုသော အချက်ဟာ ဖြေလျှော့၍ လျှောက်ထားသူသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူ၍ ပြင်ဆင်ပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် အားကစားတစ်မျိုးမျိုး ထူးချွန်သူဟု သတ်မှတ်ချက်ကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိမေးမြန်းချက်နဲ့ စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘာသာရပ်များ၊ စာပေဘာသာရပ်များ၊ ဖွံ့ဖြိုးရေးဘာသာရပ်များ၊ အထူးဖွံ့ဖြိုးရေး ဘာသာရပ်များဆိုပြီးတော့ အပိုင်း(၄)ပိုင်းနဲ့ သင်ကြားပို့ချလျက်ရှိပါတယ်။ ဖွံ့ဖြိုးရေးဘာသာရပ်မှာ အားကစားပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လျှောက်ထားသူသည် အားကစား တစ်မျိုးမျိုး ထူးချွန်သူဟူသော အချက်နှင့် စပ်လျဉ်းပြီး အားကစားထူးချွန်သူများကို ဦးစားပေးမည်ဟု ဖြေလျှော့ ပြင်ဆင် သတ်မှတ်ပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ တတိယ တင်ပြမေးမြန်းသည့် မိဘနှစ်ပါးစလုံး ဒေသခံဇာတိသား ဖြစ်ရမည်ဟု သတ်မှတ်ချက်ကို ပြင်ဆင်ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နဲ့စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်ရန် ရွေးချယ်ရာတွင် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များကို သတ်မှတ်ချက်များနှင့်အညီ ဦးစားပေး ရွေးချယ်လျက်ရှိပါတယ်။

နယ်စပ်ဒေသများ၏ ပညာရည်မြင့်မားရေး၊ လူမှုစီးပွားဘဝမြင့်မားရေးအတွက် သင်တန်းဆင်းပြီးလျှင် မိမိဒေသများကို ပြန်လည်စေလွှတ်တာဝန်ပေးအပ်ပြီး ဆောင်ရွက်စေရန်၊ မိဘနှစ်ပါးသည် ထိုဒေသတွင် အခြေချနေထိုင်သူများဖြစ်မှသာ အဆိုပါဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထမ်းဆောင်နိုင်မည်ဖြစ်ပါ၍ မိဘနှစ်ပါးစလုံးသည် ဒေသခံဇာတိသားဖြစ်ရမည်ဟူသောအချက်အား ဖြေလျှော့၍ မိဘနှစ်ပါးစလုံးသည် ဒေသတွင် အမှန်တကယ်နေထိုင်သူများ ဖြစ်ရမည်ဟု ထည့်သွင်းပြင်ဆင်သတ်မှတ်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကောင်းပါတယ်။ ကန့်သတ်ချက်တွေက သိပ်များလွန်းအားကြီးတယ်။ နိုင်ငံတော်သမ္မတအတွက်တောင် အဲဒီလောက်ကြီး ကန့်သတ်ချက် မများဘူး။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျောင်းအခြေပြုမူကြို (ECD) ဆရာမများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က ကျောင်း အခြေပြုမူကြို (ECD) ဆရာမများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ဒုတိယဝန်ကြီးများ၊ ရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ အောက်ပါမေးခွန်းကို ဆက်လက်မေးမြန်းသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောင်းအခြေပြု မူကြိုကျောင်းပေါင်း(၄၀၀၀) ကျော် ရှိပြီး တစ်ကျောင်းလျှင်(၂)ယောက်နှုန်းဖြင့် မူကြိုအတတ်ပညာများကို ဆရာမ(၈၀၀၀)ကျော် သင်ကြား ပေးလျက်ရှိပါတယ်။ အခမဲ့ပညာရေးစနစ် ကျင့်သုံးနေသော မြန်မာနိုင်ငံတွင် မူကြိုကလေး မိဘများက သင့်တင့်သောနှုန်းဖြင့် ပေးဆောင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် အချို့နေရာများတွင် စေတနာဖြင့်သာ သင်ကြားပေးနေရသည့် ဆရာ/ဆရာမများရှိနေသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရပါတယ်။ ထို့ကြောင့် မူကြိုဆရာမများကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ။ မူကြိုဆရာမများကို အမြဲတမ်း ဝန်ထမ်းအဖြစ် ခန့်ထားပေးပါရန် အစီအစဉ် ရှိပါက မူကြိုဆရာမများ၏ကိုယ်စား အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်၊ ကျူကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ်၊ ကျူကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင်က ရိုသေစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၊ ကျူကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန် (အ.မ.ကလွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်၊ ကျူကျေးရွာသည် မာန်အောင်ကျွန်း၏ အနောက်ဘက်စွန်း မိမ္မကြွယ်ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကျူကျေးရွာဟာ မိမ္မကြွယ်ကျေးရွာနှင့်(၂)မိုင်ကျော်ခန့်၊ ပြင်ကောက်ကျေးရွာနှင့် (၅)မိုင် ခန့်ကွာဝေးပြီး ကမားကျေးရွာနှင့် (၇)မိုင်ကျော်ခန့်ကွာဝေးပါတယ်။ ကျူကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများမှာ လယ်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါတယ်။

ကျူကျေးရွာတွင် မူလတန်းကျောင်းရှိပါတယ်။ မူလတန်းအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူ(၆၅)ဦးရှိပါတယ်။ ၎င်းတို့အနက် ငွေကြေးတတ်နိုင်သော သားသမီး(၁၀)ရာခိုင်နှုန်းခန့်မျှသာ တခြားကျေးရွာရှိ မူလတန်းလွန်ကျောင်းနှင့် အလယ်တန်းကျောင်းများသို့ ပြောင်းရွှေ့၍ ပညာသင်ကြားနိုင်ကြပြီး ကျန်သော ကျောင်းသားကျောင်းသူအများစုမှာ မိဘများ၏ စီးပွားရေးအကျပ်အတည်းကြောင့် အခြားကျေးရွာများသို့ ပြောင်းရွှေ့၍ ပညာမသင်ကြားနိုင်ကြပါ။ ဤကဲ့သို့ ပြောင်းရွှေ့၍ ဆက်လက် ပညာမသင်ရသဖြင့် ကလေးများ ပညာရေးနိမ့်ကျလာပြီး စာမတတ်သည့် အဆင့်သို့ ရောက်ရှိနေကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျူကျေးရွာမှာ မူလတန်းကျောင်းကို ဖွင့်လှစ်ပေးမည်ဆိုပါက ပုန်းညက်တောကျေးရွာမှလည်း တတ်ရောက်သင်ကြားနိုင်သည်ဖြစ်၍ ဤကျေးရွာနှစ်ရွာမှ မူလတန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူလေးများအတွက် အလယ်တန်းပညာကို ဆက်လက်သင်ကြားနိုင်ကြမည်ဖြစ်ပါတယ်။ ယခုအခါ မူလတန်းအောင်မြင်ပြီးသော ဤရွာနှစ်ရွာမှ ကျောင်းသား၊ ကျောင်းသူလေးများမှာ ပညာဆက်လက် သင်ကြားနိုင်ခြင်း မရှိကြသည့်အတွက် ကျောင်းသား၊ ကျောင်းသူလေးများနှင့်တကွ မိဘများပါ ဝမ်းနည်းကြေကွဲမှုများနှင့် အမြဲတမ်းရင်ဆိုင်နေကြရပါတယ်။

သို့ဖြစ်ပါ၍ ဤရွာနှစ်ရွာမှ ကျောင်းသားကျောင်းသူလေးများ၏ ပညာရည်မြင့်မားရေးကို ငဲ့ညှာထောက်ထားသောအားဖြင့် အောက်ပါမေးခွန်းတို့ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (က)ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကျူကျေးရွာ မူလတန်းကျောင်းအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းလွန်(အ.မ.က လွန်)ကျောင်း အဖြစ်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ)

မဖွင့်လှစ်ပေးနိုင်ပါက အဘယ်ကြောင့်ပါနည်း သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က မွန်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မွန်ပြည်နယ်အတွင်း၌ ကျောင်းအခြေပြု မူကြိုကျောင်းပေါင်း မော်လမြိုင်ခရိုင်တွင်(၃၂၁)ကျောင်းနှင့် သထုံခရိုင်တွင်(၂၅၇)ကျောင်း၊ စုစုပေါင်း (၅၇၈)ကျောင်းရှိပြီး၊ မူကြိုဆရာမဦးရေမှာ မော်လမြိုင်ခရိုင်တွင် မူကြိုဆရာမ(၅၉၁)ဦးနှင့် သထုံခရိုင်တွင် မူကြိုဆရာမဦးရေ(၄၉၇)ဦး စုစုပေါင်း မူကြိုဆရာမဦးရေ(၁၀၈၈)ဦးရှိပါတယ်။

မွန်ပြည်နယ်အတွင်းရှိ မူကြိုကျောင်းများတွင် မူကြိုဆရာမများအား လစာပေးခြင်း၊ မူကြိုကလေးများအား အာဟာရကျွေးမွေးခြင်း၊ မူကြိုအတွက်လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဝယ်ယူရခြင်းနှင့် မူကြိုခန်းအတွက် ရေ၊ မီး၊ သန့်စင်ခန်းကိစ္စများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို မူကြိုကလေး မိဘများထံမှ နှုန်းထားအနည်းငယ်ဖြင့် ကောက်ယူဆောင်ရွက်နေဆဲဖြစ်ပါတယ်။ လက်ရှိကျောင်းအခြေပြု မူကြိုများတွင် သင်ကြားပြသနေသော မူကြိုဆရာဦးရေ စာရင်းများ ပြုစုကောက်ခံခြင်း၊ မူကြိုဆရာမများအဖြစ် ခန့်ထားနိုင်ရေးအတွက် မူဝါဒများရေးဆွဲခြင်း၊ လိုအပ်သော ဘတ်ဂျက်ဆိုင်ရာ ကိစ္စရပ်များ စိစစ်ဆောင်ရွက်နေရခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုချက် ရရှိမှသာလျှင် အမြဲတမ်း ဝန်ထမ်းအဖြစ် ခန့်ထားပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယ ရခိုင်ပြည်နယ်အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မာန်အောင်မြို့နယ်၊ ကျူကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ သူငယ်တန်း(၈)ဦး၊ ပထမတန်း(၇)ဦး၊ ဒုတိယတန်း(၁၀)ဦး၊ တတိယတန်း(၃)ဦး၊ စတုတ္ထတန်း(၉)ဦး စုစုပေါင်း(၃၇)ဦးသာ ရှိပါတယ်။ အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် မူလတန်းအဆင့်သင် ကျောင်းသားဦးရေ(၂၅၀)နှင့် အထက်ရှိရမည်ဖြစ်ပြီး သတ်မှတ်မှုဘောင်နှင့် ကိုက်ညီမှုမရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း

အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၅-၆-၂၀၁၅ ရက်နေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲသဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြ အပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ် ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄(ဃ)(စ) (ဏ)(တ)

၄။ (ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သော်လည်းကောင်း၊ တိရစ္ဆာန်၏ အရိုး၊ အစွယ်၊ ဦးချိုဖြင့် သော်လည်းကောင်း၊ သစ်သား သို့မဟုတ် ဝါးဖြင့် သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(စ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တု တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သားဖြင့် သော်လည်းကောင်း၊ တိရစ္ဆာန်၏ အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွ များ အပါအဝင် ထုဆစ်ထားသော ဝတ္ထုပစ္စည်းများ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်း လုပ်ငန်းသုံး ပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင် ပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့် ကြွေခွက်များ၊ ရွှေ၊ ငွေ၊ ကြေး၊ သို့မဟုတ် သတ္တု တစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော

အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည် ပစ္စည်းများအပါအဝင် လူမှု အသုံးအဆောင် ပစ္စည်းများ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(ဃ)(စ)(ဏ)(တ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(ဃ)(စ)(ဏ)(တ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈(က)

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြေ့ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းလျှင် ပျက်စီးနိုင်မည့် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀(ခ)

၁၀။ (ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃(က)(ခ)

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါဝတ္ထုပစ္စည်းကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍ (၁၄) ရက်အတွင်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်။ မြို့နယ် အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့် နေ့ရက်မှ (၇)ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းစစ်မှန်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလိုထိန်းသိမ်း စောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၁၃(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၈(ခ)

၂၈။ (ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်း အဆောက်အအုံများ ကာကွယ် ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း

ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈(က)

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကို ထိခိုက်ခြင်း၊ ဆွေးမြေ့ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဍာန် ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း သို့မဟုတ် အကြောင်းကြောင်းကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သောကာလ တန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀(ခ)

၁၀။ (ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၄(ဂ)

၁၄။ (ဂ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ဂြိုဟ်တိုင်၊ တံခွန်တိုင်၊ ရေကန်၊ ရုပ်တုများ၊ နတ်ရုပ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် အခြား အဆောက်အအုံများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁၄(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃၃(ခ)

၃၃။ (ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်ကို လည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၃(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဒုတိယဗိုလ်မှူးကြီး သိန်းလွင် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီး သိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၂ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်၏ ဆွေးနွေးမှုကို Power Point ဖြင့် ဆွေးနွေးတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြင်ဆင်သည့် ဥပဒေမှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) တို့တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေး လုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုသည်ကို တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈(ဃ)အရ ရွေးကောက် ခံ ပိုင်ခွင့်ရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၆၁ (ဂ)အရ သမ္မတနှင့် ဒုတိယသမ္မတများဟာ ရာထူးသက်တမ်း နှစ်ကြိမ် ထမ်းဆောင်ခွင့်ရှိသဖြင့် ရွေးကောက်ခံခွင့်ရှိခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပါတီလုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာမှာ အခက်အခဲများ ကြုံတွေ့နိုင်သောကြောင့် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိ သင့်ပါကြောင်းကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ပြင်ဆင်လိုတဲ့ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇ (ခ) ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က)အရ ပေးအပ်ထားသော ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲ ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ခွင့်ပြုထားတဲ့ ပုဒ်မဖြစ်ပြီး ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)ဟာ ဒုတိယဝန်ကြီးများနဲ့ပတ်သက်ပြီး

အလားတူ ပြဋ္ဌာန်းထားတဲ့ ပုဒ်မဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၀ ပါ ပြဋ္ဌာန်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ဃ)တို့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ (က) နိုင်ငံတော်သမ္မတ၊ (ခ)ဒုတိယ သမ္မတများ၊ (ဂ)ပြည်ထောင်စုဝန်ကြီးများ၊ (ဃ)ပြည်ထောင်စုရှေ့နေချုပ်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ အဆိုပါ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ဃ)မှာ ဖွဲ့စည်းထားရှိပြီးသော ပြည်ထောင်စု အစိုးရအဖွဲ့ဝင် တစ်ဦးဦးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဃ)မှာ လွှတ်တော် တစ်ရပ်ရပ်၏ ကိုယ်စားလှယ် သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ တပ်မတော်သား သော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် သော်လည်းကောင်း ဖြစ်ပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄ ၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)(ည) (ဋ) နှင့် ပုဒ်မ ၂၃၇ ပုဒ်မခွဲ (စ)(ဆ)(ဇ)တို့ ပြဋ္ဌာန်းချက်တို့အတိုင်း ဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ခ)မှာ ဖော်ပြထား တာကတော့ ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေး ပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံရသူ ဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးအပ်ခံရသည့် နိုင်ငံသားတစ်ဦး ဖြစ်လျှင်သော်လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်သည် နောင်လာမည့် ရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံရသူ ဖြစ်ပါက နိုင်ငံသားတစ်ဦးဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲ ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) မှာလည်း ဒုတိယဝန်ကြီးများနဲ့ပတ်သက်ပြီး အလားတူ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။ ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)ပါ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် ပြည့်စုံတိကျစွာ ပြဋ္ဌာန်းရမည်ဟု ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများဟာ နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ ဖြစ်ကြပြီး အများစုမှာ သက်ဆိုင်ရာပါတီများကို ကိုယ်စားပြု၍ ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များ ဖြစ်လာပြီးနောက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ရွေးချယ်တင်မြှောက် ခန့်အပ် တာဝန်ပေးခဲ့တဲ့ အစိုးရအဖွဲ့ဝင်များဖြစ်ကြပါတယ်။ စတင်တာဝန်ထမ်းဆောင်ချိန်မှစပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၆၄ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဋ) ပုဒ်မ ၂၃၄ ပုဒ်မခွဲ(စ)တို့အရ ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်း မပြုရသော်လည်း ၎င်းတို့ဟာ သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ပါတီဝင်များ ဖြစ်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၃ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ) ပုဒ်မခွဲ (ည) ပုဒ်မ ခွဲငယ် (၁) တို့တွင်လည်းကောင်း၊ ပုဒ်မ ၂၃၄ ပုဒ်မခွဲ(စ) တွင်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ

လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ ပုဒ်မခွဲ ( မ) တို့အရ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုသာ ပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရန် တိကျစွာ ပိတ်ပင်တားမြစ်ထားခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ၎င်းအပြင် ပါတီမှ နုတ်ထွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိတဲ့အတွက် ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါတယ်။ ရာထူးသက်တမ်းပြီးပါက ပါတီလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်သဘောသက်ရောက်ပါတယ်။

ဒါ့အပြင် ပုဒ်မ ၆၄ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (မ)တို့အား ပြဋ္ဌာန်းထားသည့် မူလရည်ရွယ်ချက်မှာ နိုင်ငံတော်သမ⊞မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်အရေးအရာလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါတီလုပ်ငန်းများပါ တွဲဖက်ဆောင်ရွက်နေပါက နိုင်ငံတော်တိုးတက်ရေးအတွက် အပြည့်အဝ ဆောင်ရွက်နိုင်ခြင်း မရှိဘဲ လစ်ဟာအားနည်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ယင်းတို့၏ သက်တမ်းကာလအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုအောင် တားမြစ်ပြဋ္ဌာန်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ထားခြင်းမျိုး မဟုတ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများနဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဟာ နိုင်ငံရေးအရ ရွေးချယ်တင်မြှောက်ထားတဲ့ ရာထူးများ Political Post များ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးဆောင်ရွက်ခွင့် ရှိပါတယ်။ ဥပမာ လွှတ်တော်က ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများဟာ နိုင်ငံရေးဆောင်ရွက်ခွင့်ရှိသလိုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များရဲ့ ရာထူးသက်တမ်းအတွင်း ပါတီနိုင်ငံရေး ရှုပ်ထွေးမှု မရှိအောင် ပါတီလုပ်ငန်းများဆောင်ရွက်ခြင်းမပြုအောင် ကန့်သတ်ထားသော်လည်း ရွေးကောက်ပွဲအတွက် ပြန်လည်စည်းရုံးတဲ့အခါမှာတော့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ ပါတီစည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုရမှာ ဖြစ်ပါတယ်။

ယခု ပြင်ဆင်သည့် ဥပဒေကြမ်းအရ ပါတီ ဆိုသည့် စကားလုံးကို ချန်လှပ်လိုက်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာပါတီနှင့် ပတ်သက်တဲ့ ကိစ္စရပ်များကို ပြောဆိုစည်းရုံးခွင့် မရှိသောကြောင့် ပါတီနှင့်မသက်ဆိုင်တော့ဘဲ ပါတီဝင်အဖြစ်မှ ရပ်စဲထုတ်ပယ်သည့် သဘောဖြစ်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ (ဂ)အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ ရာထူးသက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခွင့်ပြုထားကြောင်း ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ဒုတိယအကြိမ် ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက် မခံရမီကာလတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဆိုကတည်းက သက်ဆိုင်ရာပါတီအသီးသီးကို ကိုယ်စားပြုပြီး ပါတီရဲ့ မူဝါဒ၊ လမ်းစဉ်၊ သဘောထားတွေ၊ ပါတီအမှတ်အသား၊ လက်ကမ်းစာစောင်၊ ပိုစတာများနှင့်

မဲဆန္ဒရှင် ပြည်သူများကို တင်ပြစည်းရုံး ဆောင်ရွက်ခဲ့ကြပါတယ်။ သက်ဆိုင်ရာ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များအဖြစ် မဲဆန္ဒရှင်ပြည်သူများက ကိုယ်စားလှယ်တစ်ဦးရဲ့ Individual Image ကို သာမက ပါတီရဲ့ Image ကိုပါ ကြည့်ပြီး ရွေးချယ်တင်မြှောက်ခဲ့တာ ဖြစ်ပါတယ်။ မဲဆန္ဒရှင် ပြည်သူများနဲ့ ကိုယ်စားလှယ်တော်တို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသော နိုင်ငံသား တိုင်းရဲ့ မူလအခွင့်အရေးအရ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိပါသဖြင့် နောင်လာမည့် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ရွေးကောက်ပွဲ ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေး လုပ်ငန်းများ၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကို ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ်လည်းကောင်း ၊ ပါတီဝင်အဖြစ်လည်းကောင်း ပါတီရဲ့ မူဝါဒလမ်းစဉ် သဘောထားတွေကို ပြည်သူ့ထံ တင်ပြစည်းရုံးပြီး မိမိအောင်နိုင်ရေး ပါတီအောင်နိုင်ရေးတို့အတွက် ဆောင်ရွက်နိုင်ခြင်း တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းပေးသော နိုင်ငံသားတို့ရဲ့ မူလအခွင့်အရေး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ် ပြင်ဆင်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်း တန်းတူ ညီမျှမှု ရှိရမည့် အခွင့်အရေးကို ကန့်သတ်ပိတ်ပင်မှု ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များမှာ နိုင်ငံရေးရာထူး ရယူထားသူများဖြစ်၍ နိုင်ငံရေးနှင့်ဆိုင်သည့် ကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊ နိုင်ငံတော်အတွက် တတ်စွမ်းသမျှ ကြိုးစားတာဝန် ထမ်းဆောင်ခဲ့ကြသော ပြည်ထောင်စုအဆင့် အကြီးအကဲများအတွက် ရွေးကောက်ပွဲဆိုင်ရာပါတီ စည်းရုံးရေး လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များကြောင့် အခက်အခဲများ ကြုံတွေ့နိုင်ပါသဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ) တို့အား ပြင်ဆင်ခြင်း မပြုဘဲ မူလအတိုင်းသား ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဗိုလ်မှူးဝင်းသိန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုရှေ့နေချုပ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၇၃၅၆ ဗိုလ်မှူးဝင်းသိန်း ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာပါရှိတဲ့ ပုဒ်မ ၅၅ ပုဒ်မခွဲ (က) အသစ်ဖြည့်စွက်ချက်နှင့် ပုဒ်မ ၁၀၂ ပုဒ်မခွဲ(က) (ခ)တို့ကို အသစ်ဖြည့်စွက်ချက်နဲ့ ပုဒ်မ ၁၀၂ (ဂ) ဖြည့်စွက်ချက်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို Power Point သုံးခွင့်ပြုပါခင်ဗျာ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ မူလဥပဒေပုဒ်မ ၅၅(က) ပြဋ္ဌာန်းချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို ချမှတ်ရမည်။ ယင်းမူဝါဒများ နှင့်အညီ လိုအပ်သော စီမံကိန်းများကို ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ယခု အသစ် ဖြည့်စွက်ချက် မှာတော့ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲများ ရှိတဲ့နှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့် ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေကြမ်း၊ ပြည်ထောင်စုရဲ့ အခွန်ကောက်ပြီးနောက် ရေးဆွဲပြီး အသစ်ဖွဲ့စည်းမယ့် အစိုးရအဖွဲ့ရဲ့သဘောထားကိုရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည် လို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့ကို ၃၁-၁-၂၀၁၁ မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး မှာ ရွေးချယ်တင်မြှောက်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်အပ်ခြင်း ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေးရဲ့ (၁၈) ရက် မြောက်နေ့ ၃၀-၃-၂၀၁၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဟာ ပြည်ထောင်စုလွှတ်တော်နာယကရဲ့ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး ပြည်ထောင်စု အစိုးရရဲ့ တာဝန်များကို ထမ်းဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆၆ ပြဋ္ဌာန်းချက်ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပုဒ်မ ၆၆ (က)မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ တို့၏ သက်တမ်းသည် (၅)နှစ် ဖြစ်သည်။ ပုဒ်မခွဲ(ခ)မှာတော့ ယင်းသက်တမ်း ရာထူးသက်တမ်း ကုန်ဆုံးသည့် အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ၎င်းတို့တာဝန်များကို ထမ်းဆောင်ရမည်။ ပုဒ်မ (ဂ)မှာတော့ ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဒုဝန်ကြီးတို့သည် ရာထူးသက်တမ်းသည်လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၏ ရာထူးသက်တမ်းသည်လည်းကောင်း သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်း ဖြစ်သည်ဟု ပြဋ္ဌာန်းထား တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆၆ ပုဒ်မခွဲ (က)(ခ)နဲ့ (ဆ) တို့ဟာ လက်ရှိပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ သက်တမ်းသည် ၃၀-၃-၂၀၁၆ ရက်နေ့မှာ (၅)နှစ်ပြည့်ရင် ကုန်ဆုံးမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ များအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများသည် ၃၀-၃-၂၀၁၆ ရက်နေ့ မတိုင်မီမှာ ကတိသစ္စာ ပြုခွင့်မရှိသေးပါဘူး။ ဒီအချိန်မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတအသစ်တို့သည် ပြည်ထောင်စု လွှတ်တော် နာယကရဲ့ရှေ့မှောက်မှာ ကတိသစ္စာပြုပြီးမှသာ ၎င်းတို့ရဲ့တာဝန်များကို လွှဲပြောင်း လက်ခံနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအသစ်မှ အစိုးရဖွဲ့စည်းဖို့အတွက် ရွေးချယ်ထားတဲ့ အမည်စာရင်းတွေကို ကျွန်တော်တို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်သက်တမ်းများ ပြီးတဲ့အခါမှာ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းနဲ့ ပြည်ထောင်စုဝန်ကြီးများ၊

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်အပ်ဖို့အတွက်ကို ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောထားကို ရယူရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထား ရယူပြီးလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းတဲ့အခါမှာ ယခု ဥပဒေအရ ဖွဲ့စည်းမယ့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားကို ရယူပြီးတော့ ပြည်ထောင်စု လွှတ်တော်ရဲ့ တင်သွင်းရမည်ဆိုပါက ပြည်ထောင်စုလွှတ်တော်အနေနဲ့ ဘဏ္ဍာငွေရ/သုံးဆိုင်ရာ ဥပဒေကြမ်းကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အမီမှာ ကျွန်တော်တို့ ပြဋ္ဌာန်းနိုင်မှာ မဟုတ်ပါဘူးခင်ဗျား။

ဒီလို အစိုးရဖွဲ့စည်းပြီးတော့ အစိုးရအဖွဲ့သစ်ရဲ့ သဘောထားကို ရယူပြီး ဘဏ္ဍာငွေ ရ/သုံး ဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရပါက ပြည်ထောင်စုလွှတ်တော် အနေနဲ့ မည်သို့မျှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အမီမှာ အတည်ပြု ဆောင်ရွက်နိုင်ခြင်း ရှိတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ နောင်တက်လာမယ့် အစိုးရသစ်အနေဖြင့် ဘဏ္ဍာငွေသုံးစွဲရာမှာ ခက်ခဲမှု များ ရှိလာမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုတဲ့အခါမှာလည်း စိစစ်ရန် လုံလောက်တဲ့ အချိန်ရရှိမှသာ မှန်မှန်ကန်ကန် စိစစ်အတည်ပြုပေးနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၅၅(ခ)တို့မှာ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဘဏ္ဍာရေး ကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏နှစ်စဉ် ရ/သုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် နောက်လာမည့် ဘဏ္ဍာ ရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ ရ/သုံးဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရယူရမည် ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ တစ်ရပ်က မိမိသက်တမ်း ကုန်ဆုံးတဲ့နှစ် ဖြစ်စေကာမူ နောက်လာမည့် နှစ်များအတွက် ဘဏ္ဍာငွေ ရ/သုံးဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲရန် တာဝန်ရှိမှာ ဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်တဲ့ အစိုးရတစ်ရပ်က ဥပဒေကြမ်းကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်မှသာလျှင် ပြည်ထောင်စုလွှတ်တော်ကလည်း သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အမီ အတည်ပြု ပြဋ္ဌာန်းပေးနိုင်မှာ ဖြစ်ပါတယ်။

အကယ်၍ အတည်ပြုမပြဋ္ဌာန်းနိုင်ပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅ (စ)မှာ ပုဒ်မခွဲ(ခ)အရ တင်သွင်းလာမည့် နောက်လာမယ့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းကို လက်ရှိဘဏ္ဍာရေးနှစ် မကုန်ဆုံးမီအထိ ပြည်ထောင်စု လွှတ်တော်က အချိန်မီ ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် နောင်လာမည့် ဘဏ္ဍာရေးနှစ် အသုံးစရိတ်များထဲမှ သာမန်အသုံးစရိတ်များကိုသာ ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုဘောင်အတွင်း သုံးစွဲခွင့်ရှိသည် ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒါကြောင့် အစိုးရအဖွဲ့သစ် အနေနဲ့ ဘဏ္ဍာငွေ ရ/သုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ် မှုဘောင်အတွင်းမှာ ဆက်လက်ဆောင်ရွက်ခွင့်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅၊ ပုဒ်မခွဲ (က)၊ (ခ)နဲ့(စ)တို့ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ ရ/သုံး ဆိုင်ရာ ဥပဒေကြမ်းကို နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းရမည်ဖြစ်မည်ဖြစ်ခြင်း၊

ပြည်ထောင်စုအစိုးရအဖွဲ့သစ်သို့ သဘောထားရယူရန် အချိန်ကန့်သတ်ချက်များ ရှိခြင်းတို့ကြောင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ(က)အား အသစ် ဖြည့်စွက်ရန် မသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၂ (က)အား အသစ်ပြင်ဆင်ဖြည့်စွက်ခြင်းနဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ(က)ရဲ့ မူလပြဋ္ဌာန်းချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ရုံးလုပ်ငန်းတာဝန်ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဖွဲ့စည်းထားရှိရမည်ဟု ကျွန်တော်တို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၁၀၂(က) အသစ် ဖြည့်စွက်ချက်မှာတော့ ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရသေးမီ ကာလအတွင်း အစိုးရသစ်ဖွဲ့စည်း၍ ဆောင်ရွက်နိုင်ရန် အဆင့်အတန်းနှင့် လျော်ညီသော ရုံးခန်းများ၊ ဝန်ထမ်းများ၊ ရုံးအသုံးအဆောင် ပစ္စည်းကိရိယာများ၊ လုံခြုံရေးနှင့် နေထိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရမည်ဟု အသစ်ဖြည့်စွက်ထားတာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မနဲ့ ပြည်ထောင်စုအစိုးရ ဥပဒေပုဒ်မ ၆၆ မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ရာထူးသက်တမ်းများကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၆၆(က)မှာတော့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် (၅)နှစ်ဖြစ်သည်။ ပုဒ်မခွဲ(ခ)မှာတော့ ယင်းရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတသစ် ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒီ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (က)နှင့်(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် (၅)နှစ်ဖြစ်ပါတယ်။ ဒီ ရာထူးသက်တမ်း ကုန်ဆုံးတဲ့အခါမှာ နိုင်ငံတော်သမ္မတသစ်ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိပါတယ်။

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူနဲ့ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ အရ ပြည်ထောင်စုလွှတ်တော် နာယက၏ရှေ့မှောက်တွင် ကတိသစ္စာပြုကြရပါတယ်။ ထိုသို့ ကတိသစ္စာပြုသည့် အချိန်မှစ၍ လက်ရှိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံမှ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို လွှဲပြောင်းလက်ခံရပါတယ်။ လွှဲပြောင်းလက်ခံပြီးသည့် အချိန်မှစ၍ တာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၆(ခ)ပါ ပြဋ္ဌာန်းချက်အရ လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ ရာထူးသက်တမ်းသည် ကုန်ဆုံးသွားမှာ ဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူအနေနဲ့လည်း ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင်

ကတိသစ္စာပြုသည့် နေ့မှစ၍လည်းကောင်း၊ ဤ ဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒီအပြင် လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၊ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်များ လုပ်ငန်းများ၊ တာဝန်များ လွှဲပြောင်းလုပ်ကိုင် ဆောင်ရွက်တဲ့ ကာလဟာ အချိန်အနည်းငယ်သာ ရှိမည်ဖြစ်ခြင်းနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများသည် ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၃ အရ ပြည်ထောင်စုလွှတ်တော် နာယကရဲ့ ရှေ့မှောက်တွင် ကတိသစ္စာမပြုမီ အဆောင်အယောင်များ ခံစားခွင့် ရှိမည် မဟုတ်ခြင်းကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၂ အသစ်ဖြည့်စွက်ချက်အား ဖြည့်စွက်ရန်မသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၂(ခ)အား အသစ်ဖြည့်စွက်ချက်နဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ(ခ)ရဲ့ မူလပြဋ္ဌာန်းချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စု အစိုးရရုံး၏ ဖွဲ့စည်းပုံနှင့် တာဝန်များကို သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၁၀၂ (ခ)အသစ်ဖြည့်စွက်ချက်မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ၂၃၇၊ ပုဒ်မ ၂၄၂၊ ပုဒ်မ ၂၉၉၊ ပုဒ်မ ၃၂၇ နဲ့ ပုဒ်မ ၃၉၈ တို့အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသော ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များနှင့် ဤဥပဒေအရ ခန့်အပ် တာဝန်ပေးသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရသေးမီ ကာလအတွင်း ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများအတွက် ရုံးခန်းများနှင့် ဝန်ထမ်းများ၊ ရုံးအသုံးအဆောင် ပစ္စည်းကိရိယာများနှင့် လုံခြုံရေးတို့ကို ဆောင်ရွက်စီစဉ်ပေးရမည်ဟု အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ သည် ပြည်ထောင်စုဝန်ကြီးများ၊ ပုဒ်မ ၂၃၇ သည် ပြည်ထောင်စု ရှေ့နေချုပ်နဲ့ ပုဒ်မ ၂၄၂ သည် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပုဒ်မ ၂၉၉ သည် ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပုဒ်မ ၃၂၇ သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဒ်မ ၃၉၈ သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ကို ခန့်အပ်တဲ့ ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ပြည်ထောင်စုစာရင်းချုပ် ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံပုဒ်မ ၂၃၅၊ ၂၄၀၊ ၂၄၅ ရဲ့ ပုဒ်မခွဲ(က)တို့မှာ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒီ့အပြင် နိုင်ငံတော်သမ္မတ၏ သက်တမ်းတစ်ခုအတွင်းမှာ အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ဖြစ်ပေါ်ခဲ့လျှင် ဒီ နိုင်ငံတော် သမ္မတအသစ်ကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးအသစ်များ၊ ပြည်ထောင်စုရှေ့နေချုပ်အသစ်နဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် အသစ်များကို ခန့်အပ်တာဝန်ပေးသည်အထိသာ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား မိမိလုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ၂၄၀၊ ၂၄၅(င) ပုဒ်မခွဲငယ် (၁)တို့မှာ အသီးသီး ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၂၇ အရ ခန့်အပ်တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ ရာထူးသက်တမ်းဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းနဲ့အတူ(၅)နှစ်ဖြစ်ပါတယ်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ကို ဖွဲ့စည်းသည့် အချိန်အထိ မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဟု ပုဒ်မ ၃၃၅ မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များနဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ဟာ နိုင်ငံတော်သမ္မတက အသစ်ခန့်အပ်ပြီးသည့် အချိန်အထိသာ ၎င်းတို့ရဲ့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အသစ်ခန့်အပ်ပြီးသည့် အချိန်မှစ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် မရှိတော့တဲ့အတွက် အဆောင်အယောင်များကိုလည်း လိုအပ်မည် မဟုတ်တော့ပါ။ ဒီ အဆောင်အယောင်များဟာလည်း အသစ်ခန့်အပ်တဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်နဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ကသာ ခံစားနိုင်မှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုဒ်မ ၂၉၉ အရ ခန့်အပ်တဲ့ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ရာထူးသက်တမ်း မတူစေကာမူ နိုင်ငံတော် သမ္မတက နောက်အသစ်ခန့်သည်နဲ့ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိမည်မဟုတ်တော့ပါဘူး။ ၎င်းတို့ရဲ့ အဆောင်အယောင်များသည်လည်း နိုင်ငံသမ္မတက အသစ်ခန့်အပ်သူများကို ပေးအပ်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်တဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအနေနဲ့ ပြည်ထောင်စု လွှတ်တော်၌ ကတိသစ္စာမပြုရသေးသော်လည်း နိုင်ငံတော်သမ္မတက ခန့်အပ်ပြီးသည့်အချိန်မှစ၍ တာဝန်လွှဲပြောင်းလုပ်ကိုင်ပြီး အဆောင်အယောင်များအား ရရှိနေပြီ ဖြစ်ပါ၍ ပုဒ်မ ၁၀၂ ပုဒ်မခွဲ(ခ)အား အသစ်ဖြည့်စွက်ရန် မသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ(ဂ)ကို ဖြည့်စွက်ချက်နဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၀၂(ဂ) အသစ်ဖြည့်စွက်ချက်မှာ (က) မိမိ၏ ပုံမှန်သက်တမ်းကုန်ဆုံးသည့်အခါ အသစ်ဖွဲ့စည်းမယ့် ပြည်ထောင်စုအစိုးရအဖွဲ့သစ်သို့ မိမိ၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းနိုင်ရေးအတွက် ပုံမှန်သက်တမ်းမကုန်မီ ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ထားရမည်။ (ခ) ပြည်ထောင်စုအစိုးရသစ် ကျမ်းသစ္စာကျိန်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် တာဝန်ကို စနစ်တကျ လွှဲပြောင်းရမည်။ (ဂ) အစိုးရအဖွဲ့အဟောင်းနှင့် အသစ်အကြား လွှဲပြောင်းမှု စာရွက်စာတမ်းများကို အမျိုးသားမော်ကွန်းတိုက်တွင် မှတ်တမ်းတင် သိမ်းဆည်းနိုင်ရန် ပေးပို့ရမည်ဟု ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်အရ အစိုးရအဖွဲ့အဟောင်းနှင့် အစိုးရအဖွဲ့အသစ်တို့ တာဝန်လွှဲပြောင်းမှုကို စနစ်တကျရှိစေရေးအတွက် ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ပါ၍ သဘောတူ လက်ခံပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅၅(က)၊ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ(က)နဲ့ (ခ)တို့ အသစ်ဖြည့်စွက်ချက်များကို ဖြည့်စွက်ရန် မသင့်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ(က)နဲ့(ခ)တို့အား မူလဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာအပေါင်းမှ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခွင့်ပြုမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီ ဥပဒေမှာပါတဲ့ အချက်(၄)ချက်စလုံးကို ကျွန်တော်ဆွေးနွေးလိုပါတယ်။ ခွင့်ပြုလို့ရှိရင် ကျွန်တော်ဆွေးနွေးဆောင်ရွက်သွားမှာပါ။ ကျေးဇူးတင်ပါတယ်။ ဥပဒေကြမ်းတွင် ပထမအချက်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇(ခ)နဲ့ ၁၇(ဃ)တို့တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်လိုကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇(ခ)နဲ့ ၁၇(ဃ)တို့မှာပါတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄၊ ၂၃၂(ဠ)နဲ့ ၂၃၄(စ)တို့ပါ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်များဖြစ်လျှင် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့ (သို့မဟုတ်) ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် နေ့မှစ၍ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်သဖြင့် ပြင်ဆင်ခြင်းဖြစ်ကြောင်း ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးချက်များအရ တွေ့ရှိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄၊ ၂၃၂(ဠ)၊ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(စ)တို့မှာ ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်း မပြုရဟု ဖော်ပြထားပါတယ်။ ဆိုလိုရင်းမှာ ယင်းပါတီအဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခြင်း မပြုခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇ (ခ)နဲ့ပုဒ်မ၁၇(ဃ)တို့မှာ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသည်ဟု ဖော်ပြထားပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့ရဲ့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ခွင့်ပြုခြင်း ဖြစ်ပါတယ်။ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေး လုပ်ငန်းဟာ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ဆောင်ရွက်ခွင့်ရတဲ့ အခွင့်အရေးဖြစ်လို့ ပါတီစည်းရုံးရေးရဲ့ ပါတီလုပ်ငန်းမဟုတ်ပါဘူး။ ဒါကြောင့် ယင်း ပြဋ္ဌာန်းချက်(၂)ခုဟာ သီးခြားစဉ်းစားဖို့သင့်ကြောင်း လေးစားတင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့ လိုအပ်ခြင်းကို တင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များကို စိစစ်ရာမှာ ပြဋ္ဌာန်းချက်ပါ စကားလုံးများ Letters of Law ကိုသာမက ဥပဒေပါ အကြောင်းအရာများ၏ ရည်ရွယ်ချက်၊ အနှစ်သာရ Spirit of Law ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်မှာဖြစ်တယ်လို့ သုံးသပ်ပြီးတော့ ယင်းပြဋ္ဌာန်းချက်ရဲ့ နောက်ခံ အကြောင်းအရာများကိုလည်းကောင်း၊ ယင်းပြဋ္ဌာန်းချက်နှင့် ဆက်စပ်သည့် ပြဋ္ဌာန်းချက်များကို လည်းကောင်း Political Out Look အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့ သင့်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၆၄၊ ၂၃၂(ဠ)နှင့် ၂၃၂(စ)တို့ပါ ပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး အမျိုးသား ညီလာခံမှာ ဆွေးနွေးဆုံးဖြတ်ချက်များအရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများဟာ နိုင်ငံအကြီးအကဲများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ဖြစ်သည့် အလျောက် ၎င်းတို့သည် နိုင်ငံရေးပါတီဝင်များ ဖြစ်ပါက ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကိုသာ ဦးတည် ဆောင်ရွက်သင့်သဖြင့် ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ရာတွင် ၎င်းတို့၏ ရာထူးသက်တမ်းတွင် ပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရသော်လည်း သက်ဆိုင်ရာပါတီရဲ့ ပါတီဝင်များအဖြစ် ဆက်လက်တည်ရှိနေတာလည်း တွေ့ရပါတယ်။ ဒါကြောင့် ဆက်ပြီးတော့ အခြေခံဥပဒေပုဒ်မ ၃၈၊ ၄၈၊ ၄၄၃ နဲ့ အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇(ခ)၊ ၁၇(ဃ)နဲ့ အခြေခံဥပဒေပုဒ်မ ၆၄ တွေကို စဉ်းစားဖို့ အခြေအနေပေါ်လာပါတယ်။ တစ်ဖက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈(က)အရ နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများဟာ နောင်လာမည့် အထွေထွေရွေးကောက်ပွဲများမှာ ပါဝင်ရွေးကောက်တင်မြှောက်ပိုင်ခွင့် ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ဟာ နိုင်ငံတော် အခြေခံမူပြဋ္ဌာန်းချက်ဖြစ်ပြီး၊ ၆၄ ဟာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ ခေါင်းစဉ်အောက်မှာရှိတဲ့ ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ ကလည်း နိုင်ငံတော်အခြေခံမူများဟာ ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာမှာ လိုက်နာရမယ့် လမ်းညွှန်ချက်များ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇(ခ)၊ ပုဒ်မ ၁၇(ဃ)တို့ရဲ့ အဓိပ္ပာယ်ကို စဉ်းစားတဲ့ အခါမှာ ပုဒ်မ ၃၈(က)ပါ နိုင်ငံတော်ရဲ့ အခြေခံမူထဲက စဉ်းစားရန် ဖြစ်သဖြင့် ယင်းပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်တယ်လို့ မဆိုနိုင်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ လက်တွေ့ အခြေအနေကိုလည်း သုံးသပ်ဖို့ လိုပါလိမ့်မယ်။ လက်တွေ့ကျင့်သုံးမှုမှာ အခြေအနေအရ ကြည့်မယ်ဆိုလို့ရှိရင် ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံရမယ့် အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးတစ်ဦး အနေဖြင့် ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကြေညာသည့် နေ့မှသာ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးတို့ကို ပြုရမည်ဖြစ်ပါတယ်။ ဒါဟာလည်း သက်ဆိုင်ရာ နိုင်ငံရေးပါတီက မဲဆန္ဒနယ်တစ်ခုခုမှာ ရွေးချယ်ခံရရန် လျာထားမှသာ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာပါတီကို ကိုယ်စားပြု ယှဉ်ပြိုင်ရန် လျာထားခြင်းခံရသူ တစ်ဦးအနေဖြင့် ပါတီရဲ့ စည်းရုံးရေးလုပ်ငန်းများ၊ ပါတီ၏မူဝါဒများ၊ ပါတီ၏သဘောထားများကို ပြောဆိုခွင့်ရှိမည်သာ ဖြစ်ပါတယ်။ နိုင်ငံတကာအခြေအနေကို ကြည့်တဲ့အခါမှာ နိုင်ငံတကာမှာ ကျင့်သုံးတဲ့ မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့The Oxford Handbook of Comparative Constitutional Law ၏အဆိုအရ ရွေးကောက်ပွဲနှင့် ပါတီလုပ်ငန်းဟာ ဆက်စပ်ဒွန်တွဲလျက် ရှိသည်ကို တွေ့ရပါတယ်။ ရွေးကောက်ပွဲဝင်တဲ့အခါမှာ ပါတီရဲ့ Logo ၊ မူဝါဒ၊ သဘောထား၊ လမ်းစဉ်စသည်တို့ကို တင်ပြစည်းရုံးကြရပါတယ်။ ယင်းလုပ်ငန်းများဟာ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများဖြစ်သလို ရွေးကောက်ပွဲဆိုင်ရာ ပါတီလုပ်ငန်းများနဲ့လည်း ဒွန်တွဲနေတာကို တွေ့ရပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၁-၇-၂၀၁၄ နေ့စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၄ ဖြင့် ထုတ်ပြန်သည့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးပြောခွင့်နဲ့ မဲဆွယ်ခွင့်၊ စည်းရုံးခွင့်ဆိုင်ရာ ကြေညာချက်ကို ကြည့်မည်ဆိုရင်လည်း ပါတီကိုယ်စားပြု ကိုယ်စားလှယ်များ အနေဖြင့် ပါတီဌာနချုပ်နှင့် ပါတီခွဲများတွင် စုဝေးပြောဆိုခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိမူဝါဒ၊ သဘောထား၊ လမ်းစဉ်ပါတီစသည်တို့ကို အများပြည်သူသိရန် စာရွက်စာတမ်းများ၊ စာအုပ်များ၊ လက်ကမ်းစာစောင်များ ရေးသားဖြန့်ချိခြင်းကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ကြောင်းဖြင့် ပါဝင်သည်ကို တွေ့ရှိရသဖြင့် ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပါတီကိစ္စများသည် မဖြစ်မနေ ပါဝင်လာမှာ ဖြစ်ပါတယ်။

အခုပြင်ဆင်တင်ပြတဲ့ ဥပဒေကြမ်းအရ ပါတီဆိုတဲ့ စကားလုံးကို ချန်လှပ်လိုက်ပါက သက်ဆိုင်ရာ ပါတီဝင်တစ်ဦး အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ အခက်အခဲများ ရှိနိုင်ပါတယ်။ ဒါကြောင့်မို့ ဤနေရာမှာ ဥပဒေ Latin Legal Maxim တစ်ခုဖြစ်တဲ့ The Law Compels no one to do vain or impossible Things မြန်မာဘာသာအားဖြင့် ဥပဒေတို့မည်သည် လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်တဲ့အရာကို လုပ်စေရန် ပြဋ္ဌာန်းခြင်းမပြု ဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ဟာကိုလည်း သုံးသပ်ဖို့သင့်ပါတယ်။ သို့ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ(၁၇) (ဃ)တို့ပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ ယခုကဲ့သို့ ပြင်ဆင်ပြဋ္ဌာန်းပါက အထက်ဖော်ပြပါအတိုင်း ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေး လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံနိုင်သဖြင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြင်ဆင်သည့်ဥပဒေကြမ်းပါ ပုဒ်မ ၇(ခ)၊၁၇(ဃ)ပါ ပြဋ္ဌာန်းချက်များကို မူလအတိုင်း ထားရှိသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ တရားစီရင်ရေးဥပဒေ၊ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတို့နဲ့ အစိုးရအဖွဲ့ဥပဒေတို့ဟာ သဘောသဘာဝခြင်းမတူညီကြောင်းလည်း တွေ့ရှိရပါတယ်။ ယင်းဥပဒေများမှာဆိုလို့ရှိရင် ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ရာထူးတာဝန်များကိုစတင်ထမ်းဆောင်စဥ်ကပင် နိုင်ငံရေးပါတီဝင်များ မဟုတ်ရပါဘူး။ဟုတ်လို့ရှိရင် Qualification အရ ပါဝင်စူးစမ်းနိုင်ခြင်းကို မရှိတဲ့အတွက် ဒီနေရာမှာကွဲသွားတာကို ကျွန်တော်တို့လေ့လာသိရှိရပါတယ်။ ဆက်ပြီးတော့ ဒုတိယအချက်ဖြစ်တဲ့ ပုဒ်မ ၅၅ မှာ ပုဒ်မ ၅၅ (က)အဖြစ်

ဖြည့်သွင်းခြင်းနဲ့ ပတ်သက်လို့ တင်ပြပါမယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅(ခ)မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံး ခန်းမှန်းခြေဆိုင်ရာ စာရင်းကို ပြုစုလျက် နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာရေးအရ အသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုရမည်ဟု လည်းကောင်း၊ ပုဒ်မ ၅၅ (စ)တွင် ပုဒ်မခွဲ (ခ)အရ တင်သွင်းထားသော နောင်လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရေး ငွေအသုံးဆိုင်ရာ ဥပဒေကြမ်းကို လက်ရှိဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က အချိန်မီ မပြဋ္ဌာန်းမီလည်းကောင်း နောင်လာမည့် ဘဏ္ဍာရေးနှစ်မှာ အသုံးစရိတ်များကို သာမန်အသုံးစရိတ်များကိုသာ ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စုလွှတ်တော် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်စရိတ်များခွင့်ပြုကြောင်း ဘောင်အတွင်းသုံးစွဲခွင့်ရှိပါတယ်။

ယင်း ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ ၊၂၂၂ တို့အတိုင်းပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ယင်းပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နောင်လာမည့် ဘဏ္ဍာရေးနှစ် အထွေထွေ ရွေးကောက်ပွဲရှိသည့်နှစ်များတွင်ဖြစ်စေ၊ အခြားနှစ်များတွင်ဖြစ်စေ ပြည်ထောင်စုဘဏ္ဍာရေးငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲ၍ ပုဒ်မ ၅၅ ပုဒ်မခွဲ(ခ)နှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အချိန်မီပြဋ္ဌာန်းခြင်း မပြုနိုင်လျှင် ပုဒ်မခွဲ(စ)နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ယခုအသစ်ဖြည့်စွက်လိုက်တဲ့ ပုဒ်မ ၅၅(က)မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စုအခွန်အကောက် ဥပဒေကြမ်းတို့ကို အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရ၏ သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဟု ဖော်ပြထားရာ ပထမအချက်အနေဖြင့် လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ တရားဝင်ရပ်တည်နေသည့် သက်တမ်းကာလအတွင်း တစ်နည်းအားဖြင့် Dejure Constitutional Government အဖြစ် တည်ဆဲကာလအတွင်း ပြည်ထောင်စုအစိုးရသစ်ဟာ ဖွဲ့စည်းတည်ရှိခြင်း မဟုတ်သေးကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ ရွေးချယ်တင်မြှောက် ခံရသည့် သမ္မတနှင့် ဒုတိယသမ္မတတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၅ နှင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ အရ ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၆ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို ကျင့်သုံး ထမ်းဆောင်ရမည် ဖြစ်ပါတယ်။

ယင်းအချိန်မှပင် လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ လုပ်ငန်းတာဝန်များကို လွှဲပြောင်းရယူဖို့ ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ ရာထူးသက်တမ်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ(ခ)အရ (၅)နှစ်ဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်မှာ ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတအား ၃၀.၃.၂၀၁၆ နေ့တွင် လုပ်ငန်းတာဝန်များကို လွှဲပြောင်းရမည်ဖြစ်သဖြင့် ယင်းနေ့တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အသစ်တို့ဟာ ကတိသစ္စာပြုပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းလက်ခံရမှာ ဖြစ်ပါတယ်။ ထိုအခါကျမှသာလျှင် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ President Elect and Vice- President Elect များဟာ Dejure Constitutional

President နှင့် Dejure Constitutional Vice- President များဖြစ်လာမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ ၃၀.၃.၂၀၁၆ နေ့မတိုင်မီ လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှာ တာဝန်ထမ်းဆောင်ဆဲဖြစ်၍ ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုခွင့်ရမည်မဟုတ်ပါ။ ထိုသို့ နိုင်ငံတော်သမ္မတသစ်နှင့် ဒုတိယ သမ္မတသစ်တို့ဟာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ လွှဲပြောင်းပြီးသည်နှင့်တစ်ပြိုင်နက် လက်ရှိ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတတို့ဟာ တာဝန်မှ စွန့်လွှတ်ပြီးဖြစ်သကဲ့သို့ ယင်းတို့ ဦးဆောင်သော ပြည်ထောင်စု အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်များမှာလည်း ပြီးဆုံးသွားပြီဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ အသစ်သည် ကတိသစ္စာပြု၍ နိုင်ငံတော်သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း လက်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့သည် Dejure Constitutional of Government အဖြစ် တည်ရှိနေရာတွင် အသစ်ဖွဲ့စည်းထားမည့် ပြည်ထောင်စုအစိုးရအဖွဲ့ မရှိသေးကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒုတိယ အချက်အနေဖြင့် ပေါ်ပေါက်ခြင်း မရှိသော ပြည်ထောင်စုအစိုးရအဖွဲ့အသစ်သည် Dejure Government Status မရှိသေးသဖြင့် သဘောထားမှတ်ချက်ပေးခြင်းကို ဆောင်ရွက်ရန် မဖြစ်နိုင်သေးကြောင်းလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အသစ်ဖြည့်စွက်မည့် ပုဒ်မ ၅၅(က)ကို ထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါ။ ထည့်သွင်းပြဋ္ဌာန်းမည်ဆိုပါက လက်တွေ့ကျင့်သုံးလျက်ရှိသော အခြေအနေနှင့် မကိုက်ညီကြောင်း တွေ့ရှိရပါတယ်။ ဒီနေရာမှာလည်း Latin Legal Maximနှစ်ခုရှိပါတယ်။ ပထမတစ်ခုက The Impossibility of doing What is required by the Law excuses From The Performance မြန်မာဘာသာ ဖြင့်ဆိုရင် "မဖြစ်နိုင်တာကို ဥပဒေက လိုအပ်ချက်အဖြစ် ဆောင်ရွက်စေပါက မဆောင်ရွက်နိုင်ခြင်းကို ခွင့်လွှတ်သည် "ဒုတိယတစ်ခုက There is no obligation to do impossible things. နောက်ဆိုရိုးမှာ မဖြစ်နိုင်တာကို ဆောင်ရွက်ရန် တာဝန်မရှိလို့ဆိုတာကိုလည်း စဉ်းစားရန်သင့်မသင့် တင်ပြလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြင်ဆင်သည့် ဥပဒေကြမ်းမှာ တတိယအချက်အနေဖြင့် ပုဒ်မ ၁၀၂ ၏နောက်တွင် ပုဒ်မ ၁၀၂ (က)၊ ပုဒ်မ ၁၀၂(ခ)၊ ပုဒ်မ ၁၀၂(ဂ) အဖြစ် အသစ်ဖြည့်စွက်လိုကြောင်းတွေ့ရှိရပါတယ်။ အသစ်ဖြည့်စွက်မည့် ပုဒ်မ ၁၀၂(က)တွင် ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုသေးမီကာလအတွင်း အစိုးရအသစ်ဖွဲ့စည်းဆောင်ရွက်ရန် အဆင့်အတန်းနှင့် လျော်ညီသော လုပ်ငန်းများ၊ ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းကိရိယာများ လုံခြုံရေးနှင့်နေထိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရန် ဖော်ပြထားပြီးဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ အရ ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှာ ကတိသစ္စာပြုရမှာဖြစ်ပါတယ်။ ထိုသို့ ကတိသစ္စာပြုပြီးလက်ရှိသမ္မတနှင့် ဒုတိယသမ္မတတာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပြီးသည့်အချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၆ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စတင်ထမ်းဆောင်ရမည်ဖြစ်ပါတယ်။ပြည်ထောင်စုအဆင့်

ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၃ အရ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများဟာ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင် ကတိသစ္စာပြုသည့်နေ့မှ ဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကိုခံစားကြရမည် ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခံရသူများဟာ ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၆ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်တို့ကို ကျင့်သုံးဆောင်ရွက်ခွင့် မရှိသဖြင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ကတိသစ္စာပြုသည့်နေ့မှစ၍သာ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိမည်ဖြစ်သဖြင့်လည်းကောင်း၊ အသစ်ဖြည့်စွက်သည့် ပုဒ်မ ၁၀၂(က) ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ရန် မလိုအပ်ပါကြောင်း သဘောရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ် ဖြည့်စွက်တဲ့ ပုဒ်မ ၁၀၂(ခ)တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေအရ ခန့်အပ်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုသေးမီကာလအတွင်း ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများအတွက် ရုံးခန်းနှင့်ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ကိရိယာများနှင့် လုံခြုံရေးကို စီစဉ်ပေးထားခြင်းဖော်ပြထားပါတယ်။ အသစ်ဖြည့်စွက်မယ့် ၁၀၂(ခ)တွင် ညွှန်းထားသည့် ပုဒ်မများ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ခန့်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ မပါဝင်ကြောင်း တွေ့ရှိရပါတယ်။

ယင်းပုဂ္ဂိုလ်များအားလုံးဟာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃ အရ ယင်းပုဂ္ဂိုလ်များသည် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့်နေ့မှ ယင်း၏ တာဝန်များကိုလည်း ထမ်းဆောင်ရမည် ဖြစ်ပါတယ်။ နောင်လာမည့် အစိုးရသက်တမ်းတွင် တာဝန်ထမ်းဆောင်မည့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ခန့်အပ်မည်ဖြစ်ရာ ခန့်အပ်သည့်နေ့မှစ၍ သက်ဆိုင်ရာ ရာထူးတွင် စတင်တာဝန်ထမ်းဆောင်သည့် ဥပဒေပါအဆောင်အယောင်များကို ရရှိမည်ဖြစ်သကဲ့သို့ ၎င်းတို့အတွက်လိုအပ်သည့် ရုံးခန်းနှင့်ဝန်ထမ်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ လုံခြုံရေးစသည်တို့ကိုလည်း ထိုနေ့မှပင် ရရှိမည်ဖြစ်ပါတယ်။ သို့ပါ၍ အသစ်ထပ်မံဖြည့်စွက်သည့် ပုဒ်မ ၁၀၂ (ခ)ကို ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ပြဋ္ဌာန်းမယ့် အသစ်ဖြည့်စွက်မယ့် ပုဒ်မ ခွဲ(ဂ) တွင် လက်ရှိ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအစိုးရအဖွဲ့သစ်ကို တာဝန်လွှဲရာမှာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စနစ်တကျပြောင်းရမည်ဖြစ်ကြောင်းနှင့် လွှဲပြောင်းမည့် စာရွက်စာတမ်းများကို အမျိုးသားမော်ကွန်းတိုက်မှာ မှတ်တမ်းတင်ထားနိုင်ရန် ပေးပို့လာခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ယင်း၏ပုံမှန်သက်တမ်း ကုန်ဆုံးသည့်အခါ အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စု အစိုးရအဖွဲ့သစ်ကို မိမိ၏လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရာတွင်ဆောင်ရွက်ရမည့်အချက်များကို ဖြည့်စွက်ပြဋ္ဌာန်းလိုခြင်းဖြစ်သဖြင့် ယင်းပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ သဘောတူကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရဲ့ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး ကျော်နိုင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၆။**

**ဗိုလ်မှူးကျော်နိုင်ဌေး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၉၂၀၉ ဗိုလ်မှူးကျော်နိုင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြမှုကို Power Point ဖြင့် တင်ပြခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေအကြံဥာဏ်များရယူနိုင် ရန်နှင့် ဥပဒေဆိုင်ရာတာဝန်များပေးအပ်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတအနေဖြင့် လွှတ်တော်ကိုယ်စား လှယ်များထဲက ဖြစ်စေ၊လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်အရည်အချင်းများ နှင့် ပြည့်စုံသူတစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရှေ့နေ ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၅ တို့တွင် ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ကို အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ များထဲကဖြစ်စေ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးဦးအား နိုင်ငံတော်သမ္မတ၏ သဘော ဆန္ဒအလျောက် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၉၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၆ တို့တွင် ပြဋ္ဌာန်းထားပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဇ)၊ ပုဒ်မ ၂၃၉ ပုဒ်မခွဲ(ဂ)တို့အရ ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့သည် ယင်းတို့၏ ရာထူးသက်တမ်းအတွင်း ပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုသာ တားမြစ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပြီး ပါတီဝင်အဖြစ်မှ နုတ်ထွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။

ပြည်ထောင်စုရှေ့နေချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော်လည်း ပါတီမှ နုတ်ထွက်ထားခြင်းမရှိသည့်အတွက် ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါတယ်။ ထို့အပြင် ပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဇ)အား ပြဋ္ဌာန်းရခြင်းရဲ့ မူလရည်ရွယ်ချက်ကတော့ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်အရေးအရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါတီလုပ်ငန်းများပါ တွဲဖက်ဆောင်ရွက်နေပါက မိမိ၏တာဝန်များအား အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယင်း၏ မူလလုပ်ငန်းတာဝန်များတွင် လစ်ဟာ အားနည်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ယင်းတို့ရဲ့ သက်တမ်းကာလအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် တားမြစ် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တွင်လည်း ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တစ်ဦးဦးသည် ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံခဲ့သူ ဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦး ဖြစ်လျှင်သော်လည်းကောင်း၊ အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲ ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ၊ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့် အညီရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၃၉၅ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရသော်လည်းကောင်း အရည်အချင်းပြန်ရွေးသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

အထက်ပါပြဋ္ဌာန်းချက်များသည် နိုင်ငံသားတိုင်းအား ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းထားချက်များဖြစ်ပါတယ်။ ပုဒ်မ ၄၀၆ ပုဒ်မခွဲ(က)အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်ရှိမည်ဖြစ်ပြီး ပုဒ်မခွဲ(ခ)အရ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြဋ္ဌာန်းဖော်ပြထားပါတယ်။ ပြဋ္ဌာန်းချက်များအရ နိုင်ငံရေးပါတီများနှင့် ပါတီဝင်များသည် ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကို ဥပဒေနဲ့အညီ စည်းရုံးဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်တဲ့အခါမှာ ရွေးချယ်ခံသူတစ်ဦး၏ ပင်ကိုယ်အရည်အချင်းကိုဖြစ်စေ၊ ပါတီကိုကြည့်၍ဖြစ်စေ မဲပေး၍ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ပါတယ်။ ရွေးချယ်ခံသူအနေဖြင့်လည်း မိမိနှင့်မိမိပါတီကို ရွေးချယ်ရန် ပါတီစည်းရုံးရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့်ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ထားသည်ကို တွေ့ရှိရပါတယ်။

ယခုပြင်ဆင်သည့် ဥပဒေကြမ်းအရ ပါတီဆိုသည့် စကားလုံးကို ချန်လှပ်လိုက်ခြင်းအားဖြင့် ရွေးချယ်ခံသူအနေဖြင့် ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် ကန့်သတ်သကဲ့သို့ ဖြစ်နေပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရွေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်း မခံရမီကာလတွင်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေနှင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက ပါတီကိုယ်စားပြုပြီး ပါတီ၏မူဝါဒ၊ လမ်းစဉ်သဘောထားကို မဲဆန္ဒရှင် ပြည်သူများအားတင်ပြစည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၉၅ အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိသောကြောင့် နိုင်ငံသားတစ်ဦးဖြစ်သော ပြည်ထောင်စုရှေ့နေချုပ်သည်လည်း ဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးကို ရရှိမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံရေးပါတီဝင်ဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ ပုဒ်မခွဲ(က)နှင့် (ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ယင်းပါတီ၏ စည်းရုံးရေးလုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် စတဲ့အခွင့်အရေးများဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၄၀၆ အရ ပြည်ထောင်စုရှေ့နေချုပ်အနေဖြင့် ပါတီဝင်ဖြစ်ပါက ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခွင့်မဆုံးရှုံးစေရန် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်များအား နောင်ရွေးကောက်ပွဲများအတွက်ရွေးချယ်ခံမည့်သူဖြစ်လျှင် နိုင်ငံသားတစ်ဦး၏ မူလအခွင့်အရေးတစ်ရပ် မဆုံးရှုံးစေရန် ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုမည့် ကာလအတွင်းသာ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုဆောင်ရွက်ခွင့်ပြုထားခြင်းဖြစ်ပါသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရဲ့ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းဆိုသည့်စကားရပ်အား ပြင်ဆင်ရန် မသင့်ဘဲ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဒေါက်တာထွန်းရှင် (ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇ (ခ)နဲ့ (ဃ)မှာ ကျွန်တော်ဆွေးနွေးပြီး ဖြစ်ပါတယ်။ ဆွေးနွေးရန် မရှိပါဘူး။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နေ့လယ်စာ သုံးဆောင်ဖို့ ရပ်နားပါမယ်။ နေ့လယ်ပိုင်းမှာ ပြည်ပ ဧည့်သည်များ တွေ့ဖို့ ရှိတဲ့အတွက် (၂)နာရီ (၁၅)မိနစ်မှာ အစည်းအဝေးကို ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၂၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၄း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး မျိုးမင်းသန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၇။**

**ဗိုလ်မှူးမျိုးမင်းသန့် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၅၆၅ ဗိုလ်မှူးမျိုးမင်းသန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ဥပဒေများကို ဆောင်ရွက်နိုင်ခွင့် မဆုံးရှုံးစေရန် မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အရအသုံး စာရင်းများကို စစ်ဆေး၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်

ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန် ပေးရမည်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)မှာလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၄၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ် အား အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ များထဲက ဖြစ်စေ အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘော ဆန္ဒအရလျောက် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိ ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၉ တို့အရလည်းကောင်း၊ ဒုတိယစာရင်းစစ်ချုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၄၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၀ တို့အရ လည်းကောင်း သက်ဆိုင်ရာပါတီများကို ကိုယ်စားပြုပြီး ပြည်သူများက ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်နိုင်သကဲ့သို့ သက်ဆိုင်ရာ စာရင်းပညာရှင်၊ စာရင်းအင်းပညာရှင်၊ စီးပွားရေးပညာရှင်များကို ခန့်အပ်တာဝန်ပေးထားခြင်းလည်း ဖြစ်နိုင်ပါတယ်။ ပြည်ထောင်စု စာရင်းစစ် ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့ဟာ စတင်တာဝန်ထမ်းဆောင်ချိန်ကစပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မ ၂၄၄၊ ပုဒ်မခွဲ(ဂ)တို့အရ ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့ကစပြီး ရာထူး သက်တမ်းအတွင်း ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခွင့် မပြုရသော်လည်း ၎င်းတို့ဟာ သက်ဆိုင်ရာ နိုင်ငံရေးပါတီရဲ့ ပါတီဝင်များ ဖြစ်ကြပါတယ်။

အဘယ့်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(င)မှာ ပြည်ထောင်စု စာရင်းစစ်ချုပ်သည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားတာကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဆ) မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟုသာ ပြဋ္ဌာန်းထားပြီး ပါတီဝင်အဖြစ်မှ နုတ်ထွက်ရမည်ဟု ပြဋ္ဌာန်းချက် မပါရှိတာ ဖြစ်ပါတယ်။

အကယ်၍သာ ပြည်ထောင်စုစာရင်းစစ်ချုပ် နှင့် ဒုတိယစာရင်းစစ်ချုပ်တို့ကို နိုင်ငံရေး ပါတီဝင် အဖြစ်မှ နုတ်ထွက်စေလိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၄၄၊ ပုဒ်မခွဲ(က)ရှိ ၎င်းတို့၏ အရည်အချင်းကန့်သတ်ချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၆)မှာပါရှိတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အရည်အချင်းများကဲ့သို့ နိုင်ငံရေး ပါတီဝင် မဟုတ်သူ ဟူသောကန့်သတ်ချက်ကို ထည့်သွင်းပြဋ္ဌာန်းထားရမှာ ဖြစ်ပါတယ်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၆၊ ပုဒ်မခွဲ(က)နှင့်အညီ နိုင်ငံရေးပါတီတစ်ရပ်ဟာ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးရရှိရမှာဖြစ်ပြီး ပုဒ်မခွဲ(ခ)အရလည်းပဲ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ် နှင့်

ဒုတိယစာရင်းစစ်ချုပ်တို့ဟာ သက်ဆိုင်ရာ နိုင်ငံရေးပါတီဝင်များ ဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၆၊ ပုဒ်မခွဲ(က)ပါ အခွင့်အရေးများကို ရရှိဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန် အတွက်လည်း ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ် နှင့် ဒုတိယစာရင်းစစ်ချုပ်တစ်ဦးဦးသည် ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံခဲ့ရသူ ဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦး ဖြစ်လျှင်သော်လည်းကောင်း အဆိုပါ ပုဂ္ဂိုလ်သည် နောင်လာမည့် အထွေအထွေ ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံထားပြီးသူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ အခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို သော်လည်း ကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

အဆိုပါပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)ပါ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ပြဋ္ဌာန်းချက်နှင့် အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ပြည့်စုံတိကျစွာပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)မှာ ပါရှိတဲ့ ရွေးကောက်ပွဲ ဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးဆိုတဲ့ စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ ယခု ပြင်ဆင်ချက်အရ လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုပါက ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါတီနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ပြောဆိုစည်းရုံးခွင့် မရှိသကဲ့သို့ ဖြစ်နေပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်း မခံရမီက သက်ဆိုင်ရာပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်၊ ပါတီဝင်များအဖြစ် မဲဆန္ဒရှင် ပြည်သူများကို စည်းရုံးဆောင်ရွက်ခဲ့တာဖြစ်ပြီး သက်ဆိုင်ရာပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် အဖြစ် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့တာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)ပါ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက် ခံပိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၅ မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ အရသော်လည်းကောင်း၊ အရည်အချင်း ပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော် တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိရာ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့သည် နောင်လာမည့်ရွေးကောက်ပွဲများမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ခွင့် ရှိသူတွေ ဖြစ်ကြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ကျင်းပရန် ကြေညာသည့်နေ့မှစပြီး ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေး

လုပ်ငန်းများကို ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်လည်းကောင်း၊ ပါတီဝင်အဖြစ်လည်းကောင်း ပြည်သူထံ ရှင်းလင်းတင်ပြစည်းရုံးပြီး မိမိအောင်နိုင်ရေး၊ ပါတီ အောင်နိုင်ရေး အတွက် ဆောင်ရွက်နိုင်ခြင်းဌာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများနှင့် ကိုက်ညီတဲ့ နိုင်ငံသားတို့ရဲ့ အခွင့်အရေးအရ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေး လုပ်ငန်းဆိုသည့် စကားရပ်ပြင်ဆင်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်း တန်းတူညီမျှမှု ဖြစ်ရမည့် အခွင့်အရေးကို ကန့်သတ်ပိတ်ပင်မှုဖြစ်ပေါ်စေခြင်း ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များကြောင့် အခက်အခဲများ ကြုံတွေ့လာနိုင်ခြင်းတို့ကြောင့် ပြင်ဆင်ခြင်းမပြုသင့်ပါကြောင်းနှင့် မူလဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ မရှိပါဘူး ခင်ဗျား။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၅။**

**ဗိုလ်မှူး မောင်မောင်ငြိမ်း (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၃၁၂၇၄ ဗိုလ်မှူးမောင်မောင်ငြိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရာထူးဝန်

အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုရန်လည်း ခွင့်တောင်းခံအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို စနစ်တကျ ရွေးချယ်ခန့်ထားရေးနှင့် အဆင့်တိုးမြှင့်ရေး ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအား ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ၊ စံနှုန်းများ သတ်မှတ်ရေးနှင့် မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား အထောက်အကူပြုခြင်း၊ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့ တာဝန်ယူ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများ ခန့်ထားခြင်းတို့ပြုရာတွင် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်းရေး ကိုလည်းကောင်း၊ ဖွဲ့စည်းခန့်အပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပြင် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ဗဟိုအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသူများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများ ဖြစ်စေရန်အတွက် နိုင်ငံရေးပါတီဝင် မဟုတ်သူဟု ပြဋ္ဌာန်းထားရှိပါတယ်။ ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရန် အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(စ)တွင် နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ပြဋ္ဌာန်းထားရှိသည့်အတွက်ကြောင့် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ နိုင်ငံရေးပါတီဝင် မဟုတ်သူများအဖြစ် မှတ်ယူရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင် ရွေးချယ်ခံမည့်သူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်သော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲ ကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ(ခ)တွင်

ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းလုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်နှင့် အစားထိုး ပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ကျွန်တော်အထက်မှာတင်ပြခဲ့တဲ့ ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တာဝန်ထမ်းဆောင်ရာ၌ အဂတိလိုက်စားမှုမရှိဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရခြင်း၊ မိမိတာဝန်သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံရခြင်း၊ ပါတီနိုင်ငံရေး ကင်းရှင်းခြင်း စသည့်ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရသူများ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စတင်ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ နိုင်ငံရေးပါတီဝင်မဟုတ်သူများ၊ ပါတီနိုင်ငံရေးကင်းရှင်းသူများသာ ဖြစ်သောကြောင့် ပါတီစည်းရုံးရေး လုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်မည် မဟုတ်ပါ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် နောင်လာမယ့် ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါတီတစ်ခုခုမှ ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(စ)တို့အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တာဝန်များမှ နုတ်ထွက်ရမည် ဖြစ်ပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) မူလပြဋ္ဌာန်းချက်တွင် ပါတီဆိုသည့် စကားရပ်အား ပယ်ဖျက်ခြင်းသည် ဆီလျော်မှုရှိပါသဖြင့် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေ့နေချုပ်က ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၂။**

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရွေ့နေချုပ်၊ ပြည်ထောင်စုရွေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို စဉ်းစားတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို စဉ်းစားသကဲ့သို့ စဉ်းစားရန် မသင့်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဟာ အခြေခံဥပဒေ ပုဒ်မ ၃၀၀၊ ပုဒ်မခွဲ(က)အရ ပါတီနိုင်ငံရေး ကင်းရှင်းရမည် ဖြစ်သလို ပုဒ်မ ၃၀၁၊ ပုဒ်မခွဲ(စ)ပါ သတ်မှတ်ထားသည့် အရည်အချင်းများအရ ၎င်းတို့ဟာ နိုင်ငံရေးပါတီမဟုတ်သူများ ဖြစ်ကြပါသည်။

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာလည်း အခြေခံဥပဒေပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(စ)ပါ သတ်မှတ်ထားသည့် အရည်အချင်းများအရ နိုင်ငံရေးပါတီဝင် မဟုတ်သူများ ဖြစ်ကြ ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာလည်း အခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ) ၊ ပုဒ်မခွဲငယ်(၆)အရ နိုင်ငံရေးပါတီဝင် မဟုတ်သူများ ဖြစ်ကြပါတယ်။ ထို့ကြောင့် ၎င်းတို့ဟာ ရာထူးတာဝန်များ စတင်တာဝန်ထမ်းဆောင်စဉ်ကပင် နိုင်ငံရေးပါတီဝင် မဟုတ်သူများ ဖြစ်ကြသဖြင့်

၎င်းတို့ကို ပါတီကိုယ်စားပြု၍ ရွေးကောက်ပွဲဝင်နိုင်သူများ မဟုတ်ကြပါ။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် မလိုသူများ ဖြစ်ပါတယ်။

သို့ပါ၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေတို့တွင် ပြင်ဆင်သည့်ပြဋ္ဌာန်းချက်များဟာ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနှင့် နေပြည်တော်ကောင်စီ ဥပဒေတို့တွင် ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်များနှင့် သဘောသဘာဝချင်း မတူညီကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း နှင့် ပြည်ထောင်စုရှေ့နေချုပ် တို့ရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဖို့ ဆုံးဖြတ်ပါတယ်။

## နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၄။**

**ဗိုလ်မှူးအောင်သက်မြင့် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၄၁၀၈ ဗိုလ်မှူးအောင်သက်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီ ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်၏ ဆွေးနွေးချက်အား PowerPoint ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(က)နှင့် နေပြည်တော်ကောင်စီ ဥပဒေ ပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသူများကို နိုင်ငံတော်သမ္မတမှ ကောင်စီဝင်များအဖြစ် ရွေးချယ်ခန့်အပ်၍ အခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)အရ နေပြည်တော်ကောင်စီ တစ်ရပ်ကို ဖွဲ့စည်းရမည် ဖြစ်ပါတယ်။ ထိုသို့ရွေးချယ်ခန့်အပ်ခြင်း ခံရသူများသည် လွှတ်တော်တစ်ရပ်ရပ်မှ ကိုယ်စားလှယ် ဖြစ်ပါက အခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ဃ)၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(င)၊ တပ်မတော်သား ဖြစ်ပါက ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(စ)၊ နိုင်ငံရေးပါတီ

တစ်ခုခုမှ အဖွဲ့ဝင်ဖြစ်ပါက ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ဆ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ဆ)တွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင် တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း၊ ခန့်အပ်သည့်နေ့မှစ၍ မိမိရာထူးသက်တမ်း အတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟုသာ ပြဋ္ဌာန်းထားပါတယ်။ ပါတီမှ နုတ်ထွက်ရမည်ဟု မပြဋ္ဌာန်းထားပါ။ နေပြည်တော်ကောင်စီဝင် ဖြစ်နေသော်လည်း ပါတီမှ နုတ်ထွက်ခြင်းမပြုသည့်အတွက် ပါတီဝင် ဖြစ်နေဆဲပင် ဖြစ်ပါတယ်။

အလားတူ ပါတီလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုသာ တားမြစ်ထားပြီး ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် တိတိကျကျ တားမြစ်ထားခြင်း မရှိသည် ကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထို့အပြင် နေပြည်တော်ကောင်စီဝင် ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင် များအနေဖြင့်လည်း နိုင်ငံတော်၏ အရေးအရာ တာဝန်များနှင့် ပါတီတာဝန်များ တွဲဖက်ဆောင်ရွက် နေရပါက မူလတာဝန်များ ဆောင်ရွက်ရာတွင် လစ်ဟာမှု၊ အားနည်းမှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ယင်းတို့၏ သက်တမ်းကာလအတွင်း ပါတီလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုသာလျှင် တားမြစ်ပြဋ္ဌာန်း ထားပြီး ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းအတွက် တားမြစ် ပိတ်ပင်ထားခြင်းမျိုး မဟုတ်ပါ။ လက်တွေ့နယ်ပယ် ကျင့်သုံးမှုအနေအရလည်း ပါတီလုပ်ငန်းဆိုသည်မှာ နိုင်ငံရေး ပါတီတစ်ရပ်အတွင်း အလုပ်အမှုဆောင်ကော်မတီ အဆင့်ဆင့်ကဖြစ်စေ၊ ပါတီဝင်တစ်ဦးဦးက ဖြစ်စေ၊ ပါတီ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သည့်ပါတီနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ဆိုလိုခြင်း ဖြစ်သည်ဟု သတ်မှတ်ရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၉၅ တွင်လည်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်အရလည်းကောင်း အရည်အချင်း ပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဟု ထပ်မံပြဋ္ဌာန်းထားပါတယ်။ အထက်ပါ ပြဋ္ဌာန်းချက်များဟာဆိုရင် နိုင်ငံသားတိုင်းအား ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် ရည်ရွယ်ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ ပုဒ်မခွဲ(က)အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနဲ့အညီ လွတ်လပ်စွာ စည်းရုံးခွင့် ရှိမည်ဖြစ်ပြီး ပုဒ်မခွဲ(ခ)အရ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြဋ္ဌာန်း ချက်များအရ နိုင်ငံရေးပါတီများနှင့် ပါတီဝင်များသည် ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံး ရေးလုပ်ငန်းများကို ဥပဒေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ စည်းကမ်း ချက်များနဲ့အညီ နေပြည်တော်ကောင်စီ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင် ကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီဝင် များသည် ပုဒ်မခွဲ(က)အရဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်း

ကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နဲ့ ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

အဆိုပါ ပြဋ္ဌာန်းချက်များမှာပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ထားကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံမည့်သူ တစ်ဦးအနေနဲ့ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှသာ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးကို ပြုလုပ်နိုင်ရန်အတွက် ဥပဒေပါ ပြဋ္ဌာန်းချက်က ခွင့်ပြုခြင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံမည့်သူက တစ်သီးပုဂ္ဂလမှလွဲ၍ နိုင်ငံရေးပါတီတစ်ခုကိုယ်စားပြု၍ သက်ဆိုင်ရာ နိုင်ငံရေးပါတီကနေပြီး သတ်မှတ်တဲ့ မဲဆန္ဒနယ်တစ်ခုမှာ ပါဝင်ယှဉ်ပြိုင်ဖို့ လျာထားမှသာ ပါဝင်ရွေးချယ်ခံရမည်ဖြစ်ပါတယ်။ ဤသို့ ပါဝင် ရွေးချယ်ခံမည့်သူ မိမိပါတီရဲ့ စည်းရုံးရေးကိစ္စများ၊ ပါတီရဲ့ သဘောထားများကို ပြောဆိုခွင့် ရရှိမည်ဖြစ်ပါတယ်။ ယခု ဥပဒေကြမ်းပါ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းချက်ကို အတည်ပြုပါက ပါတီရဲ့ ကိုယ်စားပြု ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပါတီနဲ့ သက်ဆိုင်သည့် ကိစ္စရပ်များ၊ ပြောဆိုခွင့်၊ စည်းရုံးခွင့်မရှိဘဲ အခက်အခဲများ ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)နှင့် အခြေခံဥပဒေပုဒ်မ ၃၉၅ တို့မှာ ပြဋ္ဌာန်းထားသော အချက်များအရ နေပြည်တော်ကောင်စီဥက္ကဋ္ဌနဲ့ နေပြည်တော်ကောင်စီဝင်များသည် နိုင်ငံသားများဖြစ်သည့်အတွက် ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရမည်သာ ဖြစ်ပါတယ်။ ထို့အပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်များသည်လည်း နိုင်ငံရေးပါတီဝင်များဖြစ်တဲ့အတွက် ဖွဲ့စည်းပုံဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ ပုဒ်မခွဲ(က)နဲ့ (ခ)တို့ ပြဋ္ဌာန်းချက်များအရ ယင်းပါတီရဲ့ ပါတီ စည်းရုံးရေးလုပ်ငန်းများ ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်များ စသည့် အခွင့်အရေးများ ရရှိမည် ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)တွင် ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအနေဖြင့် နေပြည်တော်ကောင်စီ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး

လုပ်ငန်းများ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၅ နှင့် ပုဒ်မ ၄၀၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ရန်မသင့်ဘဲ မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်က စာစာကတော့ ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ ဆွေးနွေးဖို့ကျန်လား။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်း ထားတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၃။**

**ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော် ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်လို့ ပါရှိပါတယ်။ ၎င်းအပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၀၁ ပုဒ်မခွဲ(စ)မှာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းနဲ့ ပတ်သက်ပြီး နိုင်ငံရေးပါတီဝင် မဟုတ်သူဟု ပြဋ္ဌာန်းထားပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီဝင်များဖြစ်ပါက တရားရေးမဏ္ဍိုင်အတွင်း ပါတီစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများဖြစ်ပေါ်စေမှာဖြစ်ပြီး နိုင်ငံရေးဘက်လိုက်မှုများကြောင့် လွတ်လပ်စွာ တရား စီရင်ရေးကိုပါ ထိခိုက်စေမှာဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအား ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်သည့်အတွက် နိုင်ငံရေး ပါတီဝင်မဟုတ်သူများကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အပြင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၃၀ ပုဒ်မခွဲ(စ)တွင်လည်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်

ချုပ် တရားသူကြီးများ၏ အရည်အချင်း သတ်မှတ်ချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ပြဋ္ဌာန်းထားရှိပါတယ်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)တွင် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခြင်း ခံရမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)အား ပေးအပ်ထားသည့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ကြေညာသည့်နေ့မှစပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်ဟု ပြဋ္ဌာန်းခဲ့ခြင်းပဲဖြစ်ပါ တယ်။

ယခုပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ ပုဒ်မခွဲ(စ)တို့အရလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ) အရလည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများသည် တာဝန်စတင်ခန့်အပ်သည့်နေ့မှစ၍ ပါတီနိုင်ငံရေး ကင်းရှင်းသူ၊ ပါတီဝင်များ မဟုတ်ကြသူများဖြစ်ကြပြီး ရွေးကောက်ခံကိုယ်စားလှယ် မဟုတ်သူများ၊ ရွေးကောက်ပွဲဝင်ရန်မလိုသူများ ဖြစ်သည့်အတွက် ပါတီလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းများအစား စည်းရုံးရေးလုပ်ငန်းများဟု ပြင်ဆင်ပြဋ္ဌာန်းထားခြင်းသည် ဆီလျော်မှုရှိပါသဖြင့် ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၉ ပုဒ်မခွဲ(က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ ပုဒ်မခွဲ(ခ)၌လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအား အရည်အချင်းသတ်မှတ်ချက်အဖြစ် နိုင်ငံရေးပါတီဝင်မဟုတ်သူဟု သတ်မှတ်ခဲ့ပါတယ်။ ထို့အပြင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ(ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၏ အရည်အချင်းသတ်မှတ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အတိုင်း နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ပြဋ္ဌာန်းထားရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၉ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၁၀ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(စ)အရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများသည် တာဝန်ခန့်အပ်သည့်နေ့မှစ၍ ပါတီနိုင်ငံရေးကင်းရှင်းသူ နိုင်ငံရေး

ပါတီဝင်မဟုတ်သူများဟု မှတ်ယူရမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးတစ်ဦးဦးသည် နောင်လာမည့် အထွေထွေ ရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် နေ့မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်းပဲ ဖြစ်ပါတယ်။

ယခု ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်မည့် ဥပဒေမူကြမ်းမှာ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ တရားသူကြီးတစ်ဦးသည် နိုင်ငံရေး ပါတီဝင်ဖြစ်ပါက ပါတီဝင်မတူသော ပြည်သူများ၊ အခြားနိုင်ငံရေးပါတီများ၏ အမြင်မကြည်လင်မှု ရှိနိုင်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရန် အထူးလိုအပ်ပါတယ်။

ကျွန်တော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း သက်ဆိုင်ရာ တရားသူကြီးရာထူးတွင် ခန့်အပ်တာဝန်ပေးအပ်သည့်နေ့မှစ၍ နိုင်ငံရေးပါတီဝင်မဟုတ်သူများဖြစ်ကြပြီး ရွေးကောက်ခံကိုယ်စားလှယ်မဟုတ်သူများ၊ ရွေးကောက်ပွဲဝင်ရန်မလိုသူများဖြစ်ကြသည့်အတွက် ပါတီစည်းရုံးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် လိုအပ်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ပါတီဆိုသည့် စကားရပ်အား ပယ်ဖျက်ခြင်းသည် ဆီလျော်မှုရှိပါသဖြင့် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးဖို့ရှိလား။ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဖို့ ဆုံးဖြတ်ပါတယ်။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၀။**

**ဗိုလ်မှူးတိုးမင်းထွန်း (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၃၀၉ ဗိုလ်မှူးတိုးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပါဝါပွိုင့်အသုံးပြုနိုင်ရန် ခွင့်ပြုပေးပါခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၀ မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရတဲ့နေ့မှစပြီး လွှတ်တော်ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင် ထိုပုဂ္ဂိုလ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)တွင်လည်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေအဖွဲ့ဝင်ရဲ့ အရည်အချင်းသတ်မှတ်ချက်များကို နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ပြဋ္ဌာန်းထားရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ လုပ်ငန်းတာဝန်များမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လိုအပ်လျှင် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရေးကိစ္စ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လျှင် ယင်းအငြင်းပွားမှုများကို အဆုံးအဖြတ်ပေးရေးကိစ္စများပါဝင်တဲ့ အတွက် အဆိုပါ ခုံရုံးတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်များ၏ တာဝန်မှာ ကြီးမားလှပါတယ်။ တရားစီရင်ရေးနဲ့ ဥပဒေရေးရာမှာ အတွေ့အကြုံနဲ့ ကျွမ်းကျင်နှံ့စပ်သူ ပညာရှင်များဖြစ်ရန်လိုအပ်တဲ့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၃ ပုဒ်မခွဲ(စ)တွင် ပြဋ္ဌာန်းထားသည့် အတိုင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်များလည်း ရှိရန်လိုအပ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ အဂတိတရား (၄)ပါး ကင်းစင်ရေး၊ လွတ်လပ်စွာ တရားစီရင်ရေး၊ ပါတီနိုင်ငံရေးကင်းရှင်းရေးတို့ဟာ အထူး အလေးအနက်ထားပြီး ဆောင်ရွက်ရမယ့် အခြေခံမူများဖြစ်သလို တိကျစွာလိုက်နာရမယ့် ကျင့်ဝတ်များ လည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခုံရုံးအဖွဲ့ဝင်များဟာ နိုင်ငံရေးပါတီဝင်များ မဟုတ်ကြတဲ့အတွက် စီရင်ဆုံးဖြတ်ရာမှာ တရားရေးမဏ္ဍိုင် ကြံ့ခိုင်ရေးနဲ့ နိုင်ငံရေးဘက်လိုက်မှု ကင်းရှင်းရေးတို့ကို အသိစိတ်နဲ့ ယှဉ်ပြီး အလိုအလျောက် ထိန်းသိမ်းစောင့်စည်းလာရမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၃ ပုဒ်မခွဲ(င) အရ အဖွဲ့ဝင်များဟာ နိုင်ငံရေးပါတီဝင်မဟုတ်သူ ပုဒ်မခွဲ(စ)အရ အဖွဲ့ဝင်များဟာ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်ဟု ပြဋ္ဌာန်းထား

သည်နဲ့အညီ အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသူသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၀ အရ နိုင်ငံရေးပါတီဝင်တစ်ဦးဖြစ်လျှင် ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နဲ့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရပါမယ်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လျှင် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ရန် အဆိုပြုထားတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ကျွန်တော်အထက်က တင်ပြခဲ့တဲ့အတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၀ နဲ့ ပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)တို့မှာ ပြဋ္ဌာန်းထားချက်များအရလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ နိုင်ငံရေးပါတီဝင်မဟုတ်သူများ၊ ပါတီ နိုင်ငံရေး ကင်းရှင်းသူများဖြစ်ကြပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပါတီစည်းရုံးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် လိုအပ်မည်မဟုတ်ပါသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင် အစားထိုးခြင်းမှာ လျော်ကန်သင့်မြတ်ပါသဖြင့် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ် ဆွေးနွေးဖို့ရှိလား။ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၇) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို ၁၄း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]